မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၀၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ အလယ်တောရစံပြစာသင်တိုက်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကောသလ္လ၊ ဗဟန်းမြို့နယ်သံဃနာယကအဖွဲ့၊ ကမာရွတ်မြို့နယ်သံဃနာယကအဖွဲ့တို့မှ ဆရာတော် သံဃာတော်များ၊ အလယ်တောရ စံပြစာသင်တိုက်မှ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေး ပုဂ္ဂိုလ်များ၊ ဝန်ထမ်း မိသားစုများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✡

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အလယ်တောရစံပြစာသင်တိုက် ပဓာန နာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇူလိုင် ၂၀ ရက်နေ့ မိုးရွာသွန်းလေသမျှ

ရေး	၇ ဒသမ ၆၀ လက်မ
ဘီးလင်း	၆ ဒသမ ၉၈ လက်မ
ထားဝယ်	၆ ဒသမ ၀၆ လက်မ
သံတွဲ	၄ ဒသမ ၆၁ လက်မ
ဝ	၄ ဒသမ ၅၃ လက်မ
သာယာဝတီ	၃ ဒသမ ၇၈ လက်မ
မော်လမြိုင်	၃ ဒသမ ၆၂ လက်မ
ကျောက်ဖြူ	၃ ဒသမ ၂၇ လက်မ
မော်ဘီ	၃ ဒသမ ၁၅ လက်မ

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များခွဲစိတ်မှု အလှူငွေများပေးအပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အလှူငွေများလက်ခံ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကြီးမှူးစီစဉ်မှုဖြင့် မွေးရာပါ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအား ခွဲစိတ်မှုအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့ တက်ရောက်၍ အလှူငွေများကိုလက်ခံသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အလှူရှင်များတက်ရောက်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၂* ❐

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

31-7 (01).p65 1 3/24/05, 9:38 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

မပြတ်သော အမျိုးသားရေးသတိဖြင့် အဖျက်လုပ်ရပ်များကို ဆန့်ကျင်တိုက်ဖျက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုး တစ်ရာကျော်ဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် နိုင်ငံဖြစ်သည်။ ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးအားလုံး အတူတကွလက်တွဲ၍ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြသည့် စည်းလုံးညီညွတ်သော အမျိုးသားနိုင်ငံတော်လည်း ဖြစ်သည်။

ခေတ်သစ်သမိုင်းတွင်လည်း မည်သည့်အင်အားကြီးအုပ်စု၏ ဩဇာအာဏာလောင်းရိပ်ကိုမျှ မခိုဝင်ခဲ့ဘဲ နိုင်ငံတကာ အရေးအရာတိုင်းတွင် အမှန်တရားဘက်က ပြတ်ပြတ်သားသား ရပ်တည်လာခဲ့သည့်အတွက် အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားသောနိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်တစိုက် ရပ်တည်နေထိုင်လာခဲ့သည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုး ခြယ်လှယ်လိုသည့် နိုင်ငံကြီးအချို့က မြန်မာနိုင်ငံအား ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးရမည့်အစား ရန်လိုမှု၊ ဖိအားပေးစွက်ဖက်မှု၊ ပြည်တွင်းစည်းလုံးညီညွတ်မှု၊ အင်အားချည့်နဲ့ပြိုကွဲအောင် သွေးထိုးသပ်လျှိုမှုများ တစိုက်မတ်မတ် ပြုလုပ်လာလျက်ရှိသည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်ကို ချည့်နဲ့ယိုင်လဲအောင် အဖျက်သမားများ၏ စွက်ဖက်နှောင့်ယှက်မှုများ ပြုလုပ်နေမှုအပေါ် သတိပြုကာကွယ်နိုင်ရေးနှင့်စပ်လျဉ်း၍-

"ယနေ့အချိန်အခါကဲ့သို့ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်နေသည့် အပြုသဘော စွမ်းအားစုများအနေဖြင့် အဖျက်အုပ်စုများ၏ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရေး၊ ပြည်ထောင်စုကြီး ပြိုကွဲရေး၊ တိုင်းတစ်ပါး ဩဇာခံဖြစ်ရေး အဖျက်လုပ်ငန်းများနှင့် ရင်ဆိုင် အားပြိုင်နေရသည့် အခြေအနေအချိန်အခါတွင် မိမိတို့ဘက်ကလည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အမျိုးသားရေးအင်အားစုများ၏ ပေါင်းစည်းညီညွတ်သည့်အားမာန်၊ စုစည်းညီညာသည့် အပြုသဘောစွမ်းအားတို့ကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင်၊ ပိုမိုထက်မြက်သည်ထက် ထက်မြက်အောင် ညီညီညွတ်ညွတ် အားထုတ်ဆောင်ရွက်သွားကြရန် အထူးလိုအပ်နေပေပြီ"

ဟူ၍ ထည့်သွင်းပြောကြားသွားသည်။

ယနေ့အချိန်အခါတွင် လူငယ်လူရွယ်များ အပါအဝင် ပြည်သူတစ်ရပ်လုံးက အသိအမြင်ကြွယ်ဝမှု၊ နိုင်ငံတကာအမြင်ရှိမှု၊ ခေတ်မီသိပ္ပံနှင့် နည်းပညာများတတ်ကျွမ်းမှုနှင့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်မြင့်မားမှု စွမ်းအားတို့ဖြင့် အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားခိုင်ကျည်အောင် ပြုစုပျိုးထောင်ထားကြရမည် ဖြစ်သည်။ သို့မှသာ တိုင်းတစ်ပါး၏စွက်ဖက် နှောင့်ယှက်မှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ သွေးထိုးမြှောက်ပင့်မှုတို့ကို ပြည်သူ့ သဘောထား(၄)ရပ်နှင့်အညီ ရင်ဆိုင်တွန်းလှန်နိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အမြဲမပြတ် ပြောင်းလဲနေသည့် အခြေအနေအချိန်အခါတိုင်းတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး အချိန်အခါအရ ဖြစ်ပေါ်လာမည့် သီးခြားလိုအပ်ချက်များနှင့် လိုက်လျောညီထွေဖြစ်မည့်၊ အံဝင်ခွင်ကျ အသုံးပြုနိုင်မည့် ခေတ်မီနည်းပညာရပ်များ၊ ကျွမ်းကျင်မှုများ၊ အရည်အသွေးများကို ဖန်တီးဖော်ဆောင်ပေးနိုင်သော ပညာရေးစနစ်ကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မျက်မှောက်ကာလ နိုင်ငံတော်တွင် အောင်မြင်တိုးတက်မှု အခြေခံကောင်းများဖြစ်ထွန်းပြီး အမျိုးသားရေး မျှော်မှန်းချက်ပန်းတိုင်နှင့် နီးကပ်လာသည့်အချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမားများက ဆန့်ကျင်ဟန့်တားနှောင့်ယှက်မှု အဖျက်အမှောင့်လုပ်ငန်းများကို ပိုမိုအရှိန်အဟုန်မြင့် လုပ်ဆောင်လာရာ အမျိုးသားရေး ကိုယ်ခံစွမ်းအားမြင့်မားသည့် အပြုသဘောစွမ်းအားစုများ၏ စွမ်းပကားကို ထပ်ဆင့်မြှင့်တင်ပြီး မပြတ်သော အမျိုးသားရေးသတိဖြင့် အဖျက်လုပ်ရပ်များကို ဆန့်ကျင်တိုက်ဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

လှိုင်သာယာမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၃၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုများကို ဇူလိုင် ၂၈ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃မြို့နယ်တို့၌ တစ်ပြိုင်တည်းကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ကြရာသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ သွားရောက်ကြည့်ရှုအားပေး စစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ဒုတိယမြို့တော်ဝန်တို့သည် နံနက် ၆နာရီခွဲတွင် လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် မကွေးလမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ရုံးခန်းမ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး ဒေါက်တာတင်မောင်ဝင်း၊ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ပပမွန်းနှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က လှိုင်သာယာမြို့နယ်အတွင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက် ရောဂါဖြစ်ပွားမှု အခြေအနေနှင့် ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး၊ မြို့တော်ဝန်၊ဒုတိယဝန်ကြီး၊ဒုတိယမြို့တော်ဝန်တို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများ အရှိန်မြှင့် ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားကြသည်။

လိုက်လံကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ (၉)လမ်း၌ မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့တော်စည်ပင်ဝန်ထမ်းများ၊ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး လုပ်ငန်းများဖြစ်သည့် ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးမှုတ်ခြင်း၊ ရေတွင်းရေကန်များအတွင်း လောက်လမ်းစားငါးများထည့်သွင်း မွေးမြူပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ သရုပ်ပြပညာပေးခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ရပ်ကွက်ပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကမ်းနားအလယ်/အနောက်ရပ်ကွက်၏ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်က ရတနာကံကြီး ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ ရတနာကံကြီး ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်ဝါဆိုတော်မူကြသော ဆရာတော် သံဃာတော်များအား အလှူရှင်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

☆ ရှေ့ဖုံးမှ

အခမ်းအနားမစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလယ်တောရ စံပြစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂန္ဓမာလာဘိဝံသ ထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အလယ်တောရစံပြစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ပရိသတ်တို့က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် အလယ်တောရ စံပြစာသင်တိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

(သတင်းစဉ်)

ထို့နောက် အလယ်တောရစံပြစာသင်တိုက် ပဓာနနာယကဆရာတော်ထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဝန်ထမ်းမိသားစုများ၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အသင်းဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဦးစိုးသာ တွံတေးမြို့နယ် ခလုပ်ကျေးရွာကျေးလက်ဆေးပေးခန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာသည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် တွံတေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ခဲ့သော တွံတေးမြို့နယ် ခလုပ်ကျေးရွာ ကျေးလက်ဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ ကျေးလက်ဆေးပေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်း စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ကျေးလက်ဆေးပေးခန်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ် ကျန်းမာရေးဦးစီးမှူးအား လွှဲပြောင်းပေးအပ်သည်။

ပံ့ပိုးဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် ကျေးလက်ဆေးပေးခန်းကိုကြည့်ရှုပြီး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ခလုပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော် ဦးဇောတိက အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆွမ်းဆန်တော်နှင့် စားသုံးဆီများကို ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးသည် ရှမ်းစုကြီးကျေးရွာသို့သွားရောက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးလက်စီးပွား ဖွံ့ဖြိုးရေးအတွက် မတည်ဆောင်ရွက်ပေးထားသော စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများအား တွေ့ဆုံ၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးမှာကြားသည်။ ယင်းနောက် ဝန်ကြီးသည် ရှမ်းစုကြီးကျေးရွာ ပညာရိပ်မွန်စာကြည့်တိုက် အတွက် စာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တွံတေးမြို့ ညောင်တံခါး ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဦးသုမန၊ ရွှေလက်ခုတ်ကျောင်း ဆရာတော် ဦးကုသလနှင့် ကျောင်းသစ်ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးဥတ္တမတို့ အမှူးပြုသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆွမ်းဆန်တော်နှင့် စားသုံးဆီများကို လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် တွံတေးမြို့ ရွှေဆံတော်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ပံ့ပိုးပေးအပ်

ထို့နောက် ဝန်ကြီးသည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရပ်ကွက်များမှ စည်းရုံးရေးမှူးများနှင့် အမှုဆောင်များအား တွေ့ဆုံပြီး စည်းရုံးဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကိုမှာကြားကာ ရှမ်းစုကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ကဖွင့်လှစ်မည့် စက်ချုပ်သင်တန်းအတွက် အပ်ချုပ်စက် လေးလုံးကို ပံ့ပိုးပေးအပ်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း သဃ်န်းကျွန်း မြို့နယ်လုံးဆိုင်ရာ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက်က မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရ အရှင်သူမြတ်က ငါးပါးသီလတရားတော်များချီးမြှင့်ပြီး မြို့နယ်အတွင်း ဂိုဏ်းပေါင်းစုံကျောင်းများမှ ဆရာတော် သံဃာတော်များအား မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်း၊ ဒုတိယဦးစီးမှူး ဦးထွဏ်းထွဏ်းနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ဝါဆိုသင်္ကန်းများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

(၀၅၂)

ရန်ကုန်အနောက်ပိုင်းခရိုင် (မထသ) ရုံးချုပ်၏ (၂၆) ကြိမ်မြောက် ဘုရားကိုးဆူပူဇော်ပွဲနှင့် ဆင့်မ အကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၅ ရက်က ဘုရင့်နောင်ရုံးချုပ်ခန်းမတွင် ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(၁၂၉)

ရုရှားနိုင်ငံတွင် မြေပြိုမှုများဖြစ်ပွား လူရှစ်ဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံးနေ

မော်စကို ဇူလိုင် ၂၉

ရုရှားနိုင်ငံ ကုရက်ခရိုင်နှင့်နာစ်ဟာခရိုင်တို့တွင် ဇူလိုင် ၂၇ ရက် ဗုဒ္ဓဟူးနေ့က မြေပြိုမှုဖြစ်ပွားရာ လူရှစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ဇူလိုင် ၂၈ရက် ကြာသပတေးနေ့က ပြောကြားသည်။

ဒါဂစ်စတန်ဒေသ ကုရက်ခရိုင်တွင် မြေပြိုမှုဖြစ်ပွားသဖြင့် လက်ထပ်မင်္ဂလာပွဲတစ်ခုပြုလုပ်နေသူ လူ၁၇ဦးအား ဘတ်စကားတစ်စီးဖြင့်ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ကလေးငယ်သုံးဦး အပါအဝင် သေဆုံးနေသူခုနစ်ဦးအား သယ်ထုတ်ခဲ့ရကြောင်း အဆိုပါ ဒါဂစ်စတန်ဒေသ ကုရက်ခရိုင်မှ ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားကြောင်း အိုင်တာတာ့စ်သတင်းဌာနက ဖော်ပြသည်။

ပျောက်ဆုံးနေဆဲ

ယင်းကဲ့သို့ မြေပြိုမှုဖြစ်ပွားရာတွင် လူကိုးဦးကို ရဲတပ်ဖွဲ့နှင့်ဒေသခံများက ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အဆိုပါ ရဲတပ်ဖွဲ့အရာရှိ ဒါမစ်မီရီယက်စ်က ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ နာစ်ဟာခရိုင်တွင်လည်း မြေပြိုမှုတစ်ရပ်ဖြစ်ပွားရာ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရကြောင်း၊ ယင်းဖြစ်ရပ်မှာ ဇူလိုင် ၂၇ရက် ဗုဒ္ဓဟူးနေ့ကဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်

ယင်းမှာ ခရီးသည်များတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး မောင်းနှင်လာစဉ် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး၊ မော်တော်ယာဉ်ပေါ်တွင် ပါရှိလာသည့် အခြားခရီးသည်သုံးဦးကို မော်တော်ယာဉ်အတွင်းမှကယ်ဆယ်နိုင်ခဲ့ပြီး ဆေးရုံသို့အလျင်အမြန်တင်ပို့လိုက်ကြောင်း၊ ပျောက်ဆုံးနေသော ခရီးသည်တစ်ဦးကို ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဒိုင်နိုဆောရုပ်တု

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ခရီးသွားများအား ဆွဲဆောင်မှုတစ်ရပ်အဖြစ် ပြသထားသော ဒိုင်နိုဆောရုပ်တုကြီးတစ်ခုကို ဇူလိုင် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စစ်ခွေးများဖြင့် ခြိမ်းခြောက်ညှဉ်းပန်းခဲ့သည့် ကန်တပ်ကြပ်ကြီးနှစ်ဦး အရေးယူခံရဖွယ်ရှိနေ

ဖို့မီရာဒီ ဇူလိုင် ၂၈

အီရတ်နိုင်ငံရှိ အဘူဂါရိတ်အကျဉ်းစခန်းတွင် အီရတ်အကျဉ်းသားများအား စစ်ခွေးများဖြင့် ခြိမ်းခြောက်ညှဉ်းပန်းခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၇ရက် အင်္ဂါနေ့က အမေရိကန် စစ်ဘက်ဆိုင်ရာ စစ်ဆေးကြားနာမှု တစ်ရပ် ပြုလုပ်ခဲ့သည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များမှာ အသက်(၃၁)နှစ်အရွယ်ရှိ တပ်ကြပ်ဆန်တိုစ်ကာဒိုနာနှင့်အသက်(၂၄)နှစ်အရွယ်ရှိ တပ်ကြပ်စမစ်တို့ဖြစ်ကြပြီး လွန်ခဲ့သည့်၂၀၀၃ခုနှစ် နိုဝင်ဘာနှင့် ၂၀၀၄ခုနှစ် ဇန်နဝါရီလများက အီရတ်ရှိ အဘူဂါရိတ်အကျဉ်းစခန်းတွင် အကျဉ်းသားများအား စစ်ခွေးဖြင့် ခြိမ်းခြောက်နှိပ်စက်ခဲ့မှုနှင့်ပတ်သက်၍ စွပ်စွဲခံထားရကြောင်း သိရသည်။

ဝါရှင်တန်မြို့ အပြင်ဘက် စစ်အခြေစိုက်စခန်း ဖို့မီရာဒီ၌ ဇူလိုင် ၂၆ ရက် အင်္ဂါနေ့က ပြုလုပ်သည့် စစ်ဆေးမှုတွင် ပြစ်မှုကျူးလွန်ကြောင်း တွေ့ရှိပါက အဆိုပါ အမေရိကန် တပ်ကြပ်ကြီးများသည် စစ်ဘက်ဆိုင်ရာ တရားရုံးတွင် ရင်ဆိုင်ဖြေရှင်းရတော့မည်ဖြစ်သည်။

အမေရိကန် တပ်ကြပ်ကြီးနှစ်ဦးဖြစ်သည့်စမစ်နှင့်ကာဒိုနာတို့ကအီရတ်နိုင်ငံရှိ အဘူဂါရိတ်အကျဉ်းစခန်းအတွင်း စစ်ခွေးများ ယူဆောင်ပြီး အကျဉ်းသားများအား ခြိမ်းခြောက်မှုနှင့်ပတ်သက်၍ပြီးခဲ့သည့်နှစ်ကလည်း စစ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးမှူးများက စစ်ဆေးမေးမြန်းခဲ့သေးကြောင်း ပြောကြားသည်။

ထိုသို့စစ်ခွေးများဖြင့် ခြိမ်းခြောက်မှုသည် အကျဉ်းသားများအား တရားမဝင်ပြုမူ ဆက်ဆံခြင်းဖြစ်ပြီး ဂျီနီဗာ ကွန်ဗင်းရှင်းပါအချက်များကိုချိုးဖောက်ခြင်းတစ်ရပ်ပင် ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

ဘဂ္ဂဒက်၌ ကားဗုံးခွဲတိုက်ခိုက်၊ ငါးဦးသေဆုံး၊ ၂၀ဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၃၀

ဘဂ္ဂဒက်မြို့ မြို့လယ်ရှိ အမျိုးသားဇာတ်ရုံအနီး အီရတ်ရဲစစ်ဆေးရေးဂိတ်တစ်ခု၌ ယနေ့တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ အနည်းဆုံး ငါးဦးသေဆုံးပြီး ၂၀ဒဏ်ရာရခဲ့ကြောင်း အီရတ်ရဲတို့က ပြောကြားသည်။

ဇူလိုင် ၂၉ရက်ကလည်း ဆီးရီးယား နယ်စပ်အနီး ရာဘီယာမြို့ရှိ အီရတ် တပ်ဖွဲ့ဝင်သစ်များစုဝေးရာ နေရာတစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ လူ ၄၀သေဆုံးခဲ့ပြီး ၅၇ဦး ဒဏ်ရာရကြောင်း အီရတ်ရဲတို့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံအရှေ့ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ် လူ၁၅ဦးသေဆုံးပြီး ၃၇ဦးဒဏ်ရာရရှိ

ဟဖေး ဇူလိုင် ၃၀

တရုတ်နိုင်ငံ အရှေ့ပိုင်း အန်ဟွေးပြည်နယ်၌ ယနေ့တွင်ပြင်းထန်သော လေဆင်နှာမောင်း တိုက်ခတ်သဖြင့် လူ ၁၅ဦး သေဆုံးပြီး ၃၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ကယ်ဆယ်

အဆိုပါ လေဆင်နှာမောင်းသည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ်၄၀တွင် အန်ဟွေးပြည်နယ် လင်ဘီမြို့မှ စတင်ဖြစ်ပေါ်တိုက်ခတ်ခြင်းဖြစ်ပြီး နေအိမ်အချို့ပျက်စီးကာ စက်ရုံ၏အမိုးများ ပြုတ်ထွက် လွင့်ပျံသွားခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို လောလောဆယ် မသိရသေးကြောင်း၊ ဒုက္ခသည်များအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

စစ်ဆေးမေးမြန်း

မိုဆူးလ်မြို့တွင် အိမ်တစ်အိမ်အတွင်း ဝင်ရောက်စစ်ဆေး မေးမြန်းနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင်၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်အနောက်ပိုင်းတွင် မော်တော်ယာဉ်တစ်စီးပစ်ခတ်ခံရ ယာဉ်မောင်းတစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၉

ဘဂ္ဂဒက်အနောက်ပိုင်းတွင် ဇူလိုင် ၂၇ ရက် ဗုဒ္ဓဟူးနေ့က အီရတ်အစိုးရမော်တော်ယာဉ် တစ်စီးကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်မောင်းသေဆုံးသွားပြီး အခြားနှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်အနောက်ပိုင်းမင်ဆူရာခရိုင်တွင် အီရတ်ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးကို သေနတ်သမားသုံးဦးက ဘီအမ်ဒဗလျူကားတစ်စီးအတွင်းမှနေ၍ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းများကို ကိုးကားပြီးဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့ သေနတ်သမားများက ပစ်ခတ်မှုကြောင့် ယာဉ်မောင်း သေဆုံးခဲ့ရပြီး အမျိုးသမီးဝန်ထမ်းနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အစိုးရဝန်ထမ်းများပြန်ပေးဆွဲခြင်းနှင့် တိုက်ခိုက်ခြင်းများကို အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက စဉ်ဆက်မပြတ်ပြုလုပ်ခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်တောင်ပိုင်း၌ လောင်စာဆီတင် မီးရထားကို လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဇူလိုင် ၂၉

ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ဇူလိုင် ၂၈ ရက်ကြာသပတေးနေ့က လောင်စာဆီများတင်ဆောင်လာသော မီးရထား တစ်စင်းအား လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်သဖြင့် မီးလောင်မှုပေါက်ကွဲဖြစ်ပွားရာ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ ကြောင်း အီရတ်ရဲတပ်ဖွဲ့ကပြောကြားသည်။

ယင်းကဲ့သို့ လောင်စာဆီတင်မီးရထားပေါက်ကွဲမီးလောင်မှုဖြစ်ပွားသဖြင့် ဘဂ္ဂဒက်မြို့တောင်ဘက်အစိတ်အပိုင်းနယ်မြေများပေါ်တွင် မီးခိုးများဖုံးလွှမ်းသွားရာ ဘဂ္ဂဒက်တောင်ပိုင်းဒိုရာအရပ်အထိ ပျံ့နှံ့အောင်ဖုံးလွှမ်းသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာအား လုံခြုံရေးတင်းကျပ်ထားပြီး ရှာဖွေစစ်ဆေး မှုများပြုလုပ်လျက်ရှိကြောင်းလည်း အီရတ်ရဲတပ်ဖွဲ့အရာရှိ သာရာမာမွတ်က ပြောကြားသည်။

အဆိုပါဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် လောင်စာဆီတင်မီးရထားအား ရည်ရွယ်တိုက်ခိုက်ခြင်းသို့မဟုတ် အနီးရှိ အီရတ်ရဲဌာနချုပ်စစ်ဆေးရေးစခန်းအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဆိုသည်ကို သေချာစွာမသိရှိရသေးကြောင်းမာမွတ်ကပြောကြားသည်။

(အင်တာနက်)

ပြောက်ကျားများနှင့် အီရတ်တပ်ဖွဲ့တိုက်ပွဲဖြစ်ပွား အီရတ်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

ဘာကူဘာ ဇူလိုင် ၂၉

ဘဂ္ဂဒက် မြောက်ဘက်မြို့နှစ်မြို့အတွင်း ဇူလိုင် ၂၈ ရက်က အီရတ်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့တိုက်ပွဲဖြစ်ပွားရာ အီရတ်စစ်သားခြောက်ဦးသေဆုံးသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

ဖြစ်ပွား

ယင်းတိုက်ခိုက်မှုသည် ဘာကူဘာနှင့်ခမ်ဘာနီဆက်မြို့တို့၌ ပြောက်ကျားတို့က စိန်ပြောင်းနှင့်လက်နက်ငယ်များဖြင့် စတင်တိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သတင်းရပ်ကွက်များက ပြောကြားသည်။

ပြောက်ကျားတို့သည် အမေရိကန်ကျောထောက်နောက်ခံပြုသော အီရတ်အစိုးရပြိုလဲစေရန် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အီရတ်စစ်သားများကို တိုက်ခိုက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကိုယ့်အားကိုယ်ကိုး စေတနာမူလတန်းကျောင်း ဆောက်လုပ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဇူလိုင်၂၅ရက်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် တပ်ကုန်းမြို့နယ် ဆည်ကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး စေတနာမူလတန်းကျောင်းဆောင် ဆောက်လုပ်မှုကို ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များအား မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ မှာကြားသည်။

ညပိုင်းတွင် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မန္တလေးမြို့ရှိ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ် ခုနစ်မြို့နယ်မှအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အသင်း၏လူမှုရေး၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို တင်ပြသည်။

ယင်းနောက် တိုင်းတွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က ခေါင်းဆောင်မှုပညာဒီပလိုမာသင်တန်း အတွေ့အကြုံများကို လည်းကောင်း၊ တိုင်းအလုပ်အမှုဆောင် ဦးတင့်လွင်ဦးက လူငယ်ရေးရာကဏ္ဍကိုလည်းကောင်း၊ အလုပ်အမှုဆောင်ဦးအောင်ကျော်က ဒေသစီးပွားရေးအခြေအနေများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

လက်တွဲပူးပေါင်း

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် အသင်းဝင်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့၏ အားများဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်း၍ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားပြီး နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်အတိုင်း ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံအစည်းအဝေးမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇူလိုင် ၂၅ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ယနေ့ည ၇နာရီတွင် လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးသန်းရွှေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာမြဦးထံ သီဟသုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း၊ ဇနီး သီဟသုဓမ္မသီဂီ ဒေါ်ဌေးဌေးညွန့် (ဘီတီဘီကုမ္ပဏီ) က အလှူငွေကျပ် ၁၅၀၀၀၀ ကို ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

❒ ရှေ့ဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အာခေါင်ကွဲ၊နှုတ်ခမ်းကွဲ ဝေဒနာရှင်များအတွက် အလှူငွေများအဖြစ် ဗိုလ်မှူးပြည်အောင်–ဒေါ်နန္ဒာအေး မိသားစုက ငွေကျပ် ငါးသိန်း၊ သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီတို့က ငွေကျပ် ၁၀သိန်း၊ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် – ဒေါ်နန်းရွှေယဉ် မိသားစုက ငွေကျပ် တစ်သိန်း၊ ချယ်ရီဦးနာရီအရောင်းဆိုင်မှ ဦးကျော်နိုင်ဦး၊ ဦးဇော်နိုင်ဦး၊ ဦးသက်နိုင်ဦးတို့က ငွေကျပ် ခုနစ်သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း မိသားစုက ငွေကျပ်သုံးသိန်း၊ စန္ဒီပရဆေးမှ ဦးသိန်းမောင်–ဒေါ်ပါးပါးတို့က ငွေကျပ်နှစ်သိန်းနှင့် ခုနစ်ဆယ်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက ငွေကျပ် တစ်သိန်း ရှစ်သောင်း၊ ဘီတီဘီကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း–သီဟသုဓမ္မသီဂီ ဒေါ်ဌေးဌေးညွန့်နှင့် မြင့်မြတ်ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးမှ ဦးအောင်မွန်တို့က ငွေကျပ် တစ်သိန်းငါးသောင်းစီ၊ အိုကေ ဆန်ရောင်းဝယ်ရေးမှ ဦးငြိမ်း–ဒေါ်အုန်းကြင်၊ SSI ဆေးဝါးထုတ်လုပ်ရေးမှ ဦးဖေလှိုင်နှင့် ILBC မှ ဦးတင်မောင်ဝင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ရန်ကုန် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ်တစ်သိန်းငါးသောင်း၊ နုငယ်ဆောက်လုပ်ရေးမှ ဒေါ်နုနုငယ်၊ တောင်ဥက္ကလာပမှ ဦးစံငြိမ်း၊ ရန်ကင်းမှ ဒေါ်ခင်နန်းမွန်နှင့် ဗိုလ်တထောင်မှ ဦးစိုးဟန်လင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မှ အမေ့သားမိသားစုတို့က ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့က လက်ခံကြသည်။

ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအား ခွဲစိတ်ကုသမှုအတွက် ရရှိသော လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် ၄၁၈၀၀၇၀ကို ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ကြီးထံ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူးဒေါက်တာလှမြင့်က အာခေါင်ကွဲ၊နှုတ်ခမ်းကွဲဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ခွဲစိတ်ကုသပေးသော အထူးကုဆရာဝန်ကြီးများနှင့်ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် သဃ်န်းကျွန်း စံပြဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကိုကိုမောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လူနာဆောင်ရှိ အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင်များအား ခွဲစိတ်ကုသမှုမှတ်တမ်းဓာတ်ပုံများ၊ ခွဲစိတ်ကုသပြီးဝေဒနာရှင်များနှင့်ခွဲစိတ်ကုသရန် ကျန်ရှိသော ဝေဒနာရှင်များအား သွားရောက်ကြည့်ရှုအားပေးကြပြီး ပံ့ပိုးငွေများကို ပေးအပ်ကြသည်။

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးစီစဉ်မှုဖြင့် ၂၀၀၅ခုနှစ်အတွင်း အာခေါင်ကွဲ၊ နှုတ်ခမ်းကွဲဝေဒနာရှင် ၂၃၈ဦးကို ခွဲစိတ်ကုသပေးသွားရန်ရှိပြီး ပထမအဆင့်အဖြစ် ဝေဒနာရှင် ၁၀၀တို့ကို ခွဲစိတ်ကုသမှုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စုပေါင်းလက်ထပ်ပွဲ

ဂျော်ဒန်နိုင်ငံတွင် မင်္ဂလာမောင်မယ်များ စုပေါင်းလက်ထပ်ပွဲကျင်းပနေစဉ်။ **(အောက်ပုံ)**

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် မင်္ဂလာမောင်မယ် ၁၂၄ စုံတွဲ စုပေါင်း လက်ထပ်ပွဲတစ်ရပ်ကို ဇူလိုင် ၂၉ရက်က တပျော်တပါး စုစည်းကျင်းပခဲ့ရာယခု စုပေါင်းလက်ထပ်ပွဲသည် (၁၂)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(အေပီ)**

အင်တာနက်သင်ကြားသည့် အဘိုးအို

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ ဆက်သွယ်ရေးကုမ္ပဏီတစ်ခုတွင် ဝန်ထမ်းတစ်ဦး၏ အကူအညီဖြင့် အသက် ၁၀၂နှစ်အရွယ်ရှိ တရုတ်နိုင်ငံသား အဘိုးအိုတစ်ဦးက အင်တာနက်ဖမ်းယူချိတ်ဆက်မှုနည်းပညာကို လေ့လာသင်ယူလျက်ရှိကြောင်းသိရသည်။ **(ယာပုံ)**



တရုတ်နိုင်ငံတွင် အင်တာနက် အသုံးပြုသူ အရေအတွက် လျင်မြန်စွာ တိုးတက်လျက်ရှိရာ ယခုအခါ အင်တာနက် အသုံးပြုသူ ၁၀၃ သန်းခန့်ရှိနေပြီ ဖြစ်သည်။ **(ရိုက်တာ)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မြဝတီရုပ်မြင်သံကြား

၃၁–၇–၂၀၀၅

(တနင်္ဂနွေနေ့) နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘူတံဘူတတောပဿတိ"**
- ၉:၁၀၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Sources of Law. (ပထမနှစ်–ဥပဒေပညာ)
- ၄:၅၀ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၈။ နိုင်ငံတကာသတင်း
- ၆:၂၀ ၉။ မိုးလေဝသသတင်း
- ၆:၂၅၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀၁၁။ လျှပ်တစ်ပြက်
- ၇:၀၀၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်စစ်တို့၏ သစ္စာနယ်မြေ"**(အပိုင်း–၇)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ပဟေဠိနန်းတော်
- ၁၆။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"ဘဝနေနည်း ရှေ့ခရီးမှာ"**
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း–၃၃) ဇာတ်သိမ်း

စွမ်းအင်ဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

စွမ်းအင်ဝန်ကြီးဌာန၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ကမ္ဘာအေးစေတီလမ်းရှိ စွမ်းအင်ဓမ္မာရုံ၌ကျင်းပရာ အခမ်းအနားသို့ ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ပဋိကတ်တိုက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ အခြားဖိတ်ကြားထားသည့် စစ်ဘက်နယ်ဘက်မှ ဧည့်သည်တော်များနှင့် ဇနီးများ၊ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ ဧည့်ပရိသတ်များက ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ပဋိကတ်တိုက်ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၀

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၄ရက်နံနက် ၉နာရီခွဲက ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီး၌ ကျင်းပရာ အသင်းဂုဏ်ထူးဆောင်နာယက စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြို့နယ်အသင်းသူ အသင်းသားများ၊ ကွမ်းခြံကုန်းနယ်သူ နယ်သားများနှင့် မြို့မိမြို့ဖများ တက်ရောက်ချီးမြှင့်ကြသည်။

လျှောက်ထားတင်ပြ

ရှေးဦးစွာ အခမ်းအနားမှူး ဦးကြိုင်မြင့် (ဝါမိုးအောင်စာပေ) ဦးဆောင်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး မြို့နယ်အသင်းကိုယ်စား အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင် (မြန်မာ့အလှဆောက်လုပ်ရေး)က ဝါဆိုသင်္ကန်းကပ်လှူရခြင်းအကြောင်း လျှောက်ထားတင်ပြသည်။

ထို့နောက် အသင်းသူ အသင်းသားများက ကွမ်းခြံကုန်းမြို့ပေါ်ကျောင်းအသီးသီးမှ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်အသင်းကိုယ်စား ဥက္ကဋ္ဌ ဦးကျော်ခိုင်က မဟာတိလောကမှန်ကူသွန်းဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ထွန်းက လက်ခံရယူသည်။

အမျှပေးဝေ

ထို့နောက် တက်ရောက်လာသူများက မြို့မ အရှေ့ကျောင်းကြီးကျောင်းတိုက်မှ ဆရာတော်ဦးဘောဂထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ကြွရောက်လာသော ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပြီး တက်ရောက်လာကြသူများအား ကွမ်းခြံကုန်းမြို့ မြို့မိ မြို့ဖတို့က နံနက်စာဖြင့် ဧည့်ခံကျွေးမွေးသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက်က သဃ်န်းကျွန်းမြို့နယ် ဓမ္မဝိဟာရကျောင်းတွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းနှင့် အဖွဲ့ဝင်များက ဆရာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားစဉ်။ (၄၀၀)

သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန အလှူငွေနှင့် စာအုပ်စာတမ်းများပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အသိပညာပေးခြင်း၊ အလှူငွေနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက အဆိုပါကျေးရွာ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းရှိ ရပ်ရွာပညာပဒေသာဌာန၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေ တက်ရောက်ချီးမြှင့်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယခေါင်းဆောင် ရန်ကုန် ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်ထူးထူးအောင်က ကရင်ဆိပ် စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန ဖွင့်လှစ်ရသည့် အစီအစဉ်ဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ပံ့ပိုးကူညီရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရင်ဆိပ်စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီအေးက ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန ဖွင့်လှစ်နိုင်ရေးအတွက် ကျေးရွာ၏ ကြိုးပမ်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အကြံပြု

ထို့နောက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဟန်က ကရင်ဆိပ်စံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာန၏ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ဝင်းရွှေနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး သီရိသုဓမ္မသီဂီ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်)တို့က အလှူငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်နှင့်အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်စန်းမြင့်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညွန့်ညွန့်၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင်တို့က စာအုပ်စာတမ်းများနှင့် သတင်းစာများကိုပေးအပ်လှူဒါန်းကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ထွန်းက လက်ခံယူသည်။

ဩဝါဒစကားမိန့်ကြား

ထို့နောက် အောင်မင်္ဂလာကျောင်းဆရာတော် ဘဒ္ဒန္တမန္တလ က ကျေးဇူးတင်စကားနှင့် ဩဝါဒစကား မိန့်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၀ ရက် အဓိဋ္ဌာန် တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၀

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ ရန်ကုန် တစ်မြို့လုံးဆိုင်ရာ ဩဝါဒါစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)နှင့် သာသနာဒီပ ဆရာတော် ဘဒ္ဒန္တသိရိန္ဒ ဆရာတော်များက ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဝါတွင်းပထမပတ် ဩဂုတ် ၅ရက်မှ ၁၄ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဩဂုတ် ၄ရက် ညနေအရောက် ကြွရောက်ရန်နှင့် ဆွမ်းအလှူရှင်များ စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း ၃ လမ်းမှတ် တိုင် အနီး) တွင် တိုက် (G)၊ အခန်း ၂ ရွှေအင်ကြင်း ရိပ်မွန် အိမ်ရာ သုဝဏ္ဏနေ ကွယ်လွန်သူ မိဘများအား ရည်စူး၍ ဦးမြင့်သိန်း (MD, MITS)၊ ဇနီး ဒေါ်ခင်ခင်လှိုင်၊ သမီး မသူဇာလှိုင်၊ ကိုသိန်းထူး၊ သား မောင်တေဇလှိုင် (ခေတ္တ UK)၊ သမီး မခင်စန္ဒာလှိုင်၊ သား မောင်ကျော်ဇေယျာလှိုင်နှင့် မြေး မောင်မောင်နှင့် ညီညီမိသားစုက ငွေကျပ် ၂၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်နှင့် အဖွဲ့ဝင် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မုန်တိုင်းငယ်တစ်ခု ရွေ့လျားလျက်ရှိ ဩရိဿကမ်းခြေ ဝင်ရောက်မည်ခန့်မှန်း

ရန်ကုန် ဇူလိုင် ၂၀

ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့၏ အနောက်တောင်ဘက် မိုင်၁၇၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်ဆီသို့ ရွေ့လျားလျက်ရှိပြီး ယနေ့နံနက်မှ နောက် ၂၄နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများမိုးပိုလာနိုင်

ရန်ကုန် ဇူလိုင် ၂၀

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ထူးခြားသည့် အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန်၉နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်း မုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဗင်းမြို့၏ အရှေ့ဘက်မိုင်၂၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်ဆီသို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

ဇူလိုင်၃၁ရက်ညနေထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးကို ပဲခူးတိုင်း ပဲခူးမြို့ တိုင်းအားကစားရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

*** ကျော့ဖုံးမှ**

အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သိင်္ဂီမြင့်ရည်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးပပက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ၊သဘာပတိအဖွဲ့ဝင်များနှင့် လူထုအစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

မျက်မြင်ကိုယ်တွေ့

ထို့နောက် သဘာပတိ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့သည် အေးချမ်းတည်ငြိမ်ရေးစိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံတော် တည်ဆောက်ရေးစိတ်ဓာတ်တို့ဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍ အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များ၊ အောင်မြင်မှုရလဒ်များ ဖြစ်ထွန်းနေသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းလာနိုင်သည်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ အစိုးရနှင့် ပြည်သူတို့ လက်တွဲညီညီဖြင့်အားသွန်ခွန်စိုက်ဆောင်ရွက်နေချိန်တွင်နိုင်ငံတော်ကြီးကို လက်တစ်ဆုပ်စာ လူတစ်စုနှင့် ပြည်ပနိုင်ငံအချို့က လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် အခြားအကြောင်းပြချက်များဖြင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဝေဖန်နေမှုများဖြင့် ၎င်းတို့လိုလားသည့် ပုံစံရုပ်လုံးပေါ်လာစေရန် ဖိအားပေး အကျပ်ကိုင်လုပ်ဆောင်နေခြင်းများသည် နိုင်ငံတကာကျင့်ဝတ်သိက္ခာနှင့် မကိုက်ညီသည့် ပြုမူလုပ်ဆောင်နေမှုများအဖြစ် တွေ့မြင်နေကြရမှာဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပအဖျက်သမားများ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တိုင်းရင်းသား ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု ပျက်ပြားအောင် အဖျက်အမှောင့် လုပ်ငန်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသဖြင့် တိုင်းရင်းသားပြည်သူများအတွက် ခါးသီးဖွယ်အဖြစ်ဆိုးများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း။

နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆောက်ရာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားများကိုဟန်ချက်ညီညီ တောင့်တင်းမြင့်မားအောင် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံရေးအင်အားကောင်းလျှင် အေးချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေခံရေခံကောင်းများဖြစ်ပေါ်လာကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေကြောင်း။

ခိုင်မာ

စီးပွားရေးအင်အား ကောင်းလာပြီဆိုလျှင် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားကိုပါ တည်ဆောက်နိုင်မှာဖြစ်ပြီး ကာကွယ်ရေးအင်အားတောင့်တင်းလာသည်နှင့်အမျှ နိုင်ငံရေးအင်အားကိုပါ အကျိုးပြုပြီး ယင်းကမှတစ်ဆင့် အေးချမ်းတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုများပါ ခိုင်မာလာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးတို့သည် အပြန်အလှန်အမှီသဟဲ ပြုနေကြကြောင်း၊ ယင်းအထဲတွင် စီးပွားရေးခိုင်မာတောင့်တင်းရန် အထူးအရေးကြီးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ ကဏ္ဍများစွာကို တောင့်တင်းခိုင်မာစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်စဉ်စီမံကိန်းများချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ကြောင်း။

အထူးဂရုပြု

နိဂုံးချုပ်အားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ သမိုင်းအစဉ်အလာ၊ ကိုယ်ပိုင်အမျိုးသားစရိုက်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထူထောင်ရန် ကြိုးပမ်းနေသည့်အချိန်တွင် လွတ်လပ်သည့် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကို ထိပါးစေသော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ဟူသမျှကို အထူးဂရုပြုသိမြင်ကြရမှာဖြစ်ကြောင်း။

တွန်းလှန်ဖယ်ရှား

ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှုဟူသမျှ၊ ပြည်ထောင်စုကြီးပြိုကွဲစေရန် ကြံစည်မှုဟူသမျှကို ပြည်သူ့သဘောထားလေးရပ်တွင် ပါသည့်အတိုင်း ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ဟူသမျှကို ဘုံရန်သူအဖြစ် သတ်မှတ်ကာပြည်သူ့စွမ်းအားစည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားကြရန် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေက "ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံသည် ရာစုနှစ်ပေါင်းများစွာကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ ၁၉ရာစုနောက်ပိုင်းတွင် နယ်ချဲ့ကျူးကျော်စစ်ဖြင့် ကိုလိုနီပြုခံရပြီး အချုပ်အခြာအာဏာ လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း၊ ပြည်သူများ၏ စုစည်းညီညွတ်မှုအင်အားနှင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်အပြည့်တို့ဖြင့် ကြိုးပမ်းခဲ့၍ ၂၀ရာစုအလယ်လောက်တွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိခဲ့ကြောင်း၊ နှစ်ပေါင်း ၁၀၀ကျော် လွတ်လပ်ရေးနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး နိမ့်ပါးဖျက်ဆီးခံရပြီး အမျိုးသားရေး လက္ခဏာ၊ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးခဲ့ရခြင်းမှာ အတိတ်၏ ခါးသီးသည့် အတွေ့အကြုံများပင်ဖြစ်ကြောင်း။

တွေးခေါ်မြော်မြင်

တိုင်းရင်းသား ပြည်သူများ၏ သဘောထားမှာ ငြိမ်းချမ်းစွာနေထိုင်ရေး၊ စားဝတ်နေမှုဖူလုံရေး၊ လူနေမှုအဆင့်အတန်း တိုးတက်သည်ထက် တိုးတက်စွာ နေလိုရေးတို့ပင်ဖြစ်ကြောင်း၊ ဤသည်တို့မှာပြည်သူတို့၏ ဦးနှောက်အသိ၊ ဘဝအသိနှင့် ရင်ထဲနှလုံးထဲက ခံစားချက်များ ပေါင်းစပ်ဖြစ်ပေါ်လာသော ဆန္ဒများ၊ သဘောထားအမြင်များပင်ဖြစ်ကြောင်း၊ပြည်သူတို့၏သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ရသော အတိတ်နှင့် မျက်မှောက်ကာလ ကြုံတွေ့နေရသော အနေအထားတို့ကို နှိုင်းယှဉ်ကြည့်ပါက အနာဂတ်တွင် မည်သို့ဖြစ်လာစေချင်သည်ကို တွေးခေါ်မြော်မြင်နိုင်မှာဖြစ်ကြောင်း။

ပြည်သူတစ်ရပ်လုံး၏ လိုလားချက်အမှန်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရန် ပြင်းပြသည့် ဆန္ဒရှိနေကြခြင်းဖြစ်ကြောင်း၊ ပြည်သူတို့၏ ဆန္ဒသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးဖြစ်သည့်အတွက်နိုင်ငံတော်ကပြည်သူတို့၏ ဆန္ဒအတိုင်း အရှိန်အဟုန်မြင့် ဖော်ဆောင်ပေးနေသည်ကို အများကတွေ့မြင်နေကြရပြီ ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတာဝန်ကို ယူရသည့်အချိန်ကစပြီး စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ဦးစားပေးအကောင်အထည်ဖော်ရင်း အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများနှင့် အတူ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရန် အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ဖော်ဆောင်ပေး

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် ပြည်သူအများစုက အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အပြုနှင့်အဖျက်စသော သဘောတရားများကို မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိပညာကြွယ်ဝမှုရှိရန်လိုအပ်လှကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များ ရရှိစေရန် နိုင်ငံတော်အစိုးရက နေ့စဉ်နှင့် အမျှ ပုံဖော်၍ လမ်းခင်းကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

အသံကောင်းဟစ်

ထို့နောက် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ဖြူပြာစိုးက ဆက်လက်ဆွေးနွေးတင်ပြရာတွင် အဖျက်သမားများဖြစ်ကြသည့် ABSDF, NCGUB, FTUB အဖွဲ့များသည် နယ်စပ်မှာကျန်ရှိသည့် သောင်းကျန်းသူများကို မဟာမိတ်ဖွဲ့ လက်တွဲပြီး နိုင်ငံတော်အစိုးရကို လက်နက်ကိုင် ဆန့်ကျင်သည့် လုပ်ရပ်၊ လေယာဉ်ပျံ ပြန်ပေးဆွဲသည့် လုပ်ရပ်၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးကို ဝင်စီးပြီး ဓားပြတိုက်သည့် လုပ်ရပ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓစွယ်တော်မြတ် အပူဇော်ခံပွဲတော်ကြီးကို ဗုံးခွဲသည့် လုပ်ရပ်၊ ဧပြီ ၂၆ရက်တွင် မန္တလေးမြို့ဈေးချိုတော်ကြီး၏ မြေညီထပ်(စီ)ရုံနှင့်(ဒီ)ရုံကြား ဗုံးဖောက်ခွဲမှုလုပ်ရပ်၊ မကြာသေးသည့် မေ ၇ ရက်က ရန်ကုန်မြို့ လူစည်ကားရာ ကုန်တိုက်ကြီးများနှင့် မြန်မာ–ထိုင်းကုန်စည်ပြပွဲတွင် အကြမ်းဖက် ဗုံးဖောက်ခွဲမှုလုပ်ရပ်များ လုပ်ဆောင်ခဲ့မှုများကြောင့် လူအများအပြား သေဆုံးဒဏ်ရာရရှိခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂဆိုသည့် (FTUB) အဖွဲ့သည် လက်တစ်ဆုပ်စာဖြင့် ဖွဲ့စည်းထားသည့် အင်အားမရှိသော အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးကို ကိုယ်စားပြုသယောင်လုပ်ပြီး ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံတကာ၏ ထောက်ပံ့ကြေးကို လက်ဝါးဖြန့်တောင်းခံ၍ကောင်းအောင် အသံကောင်းဟစ်နေခြင်းသာဖြစ်ကြောင်း။

ချေမှုန်းသွားမည်

မိမိတို့ နိုင်ငံသည် ရှေးယခင်ကတည်းက ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေထိုင်ပြီး မိမိလူမျိုး၊ မိမိဘာသာ၊ မိမိယဉ်ကျေးမှု၊ မိမိမှုနှင့် မိမိနေထိုင်ကြသူများဖြစ်သည့်အတွက် ဝင်ရောက်စွက်ဖက် ခြယ်လှယ်မှုများ မလုပ်ကြနှင့်ဟု ပြောကြားလိုကြောင်း၊ ပြည်သူများကလည်း မည်သည့်အခါမျှ ခေါင်းငုံ့ခံမှာမဟုတ်ကြောင်း၊ ရရှိထားသည့် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုများကို ထိပါးနှောင့်ယှက်နေသည့် ပြည်ပ အဖျက်သမားများကိုလည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ချေမှုန်းသွားမှာဖြစ်ကြောင်း၊ ပြည်တွင်းမှ ပုဆိန်ရိုးများ၊ လက်ကျန်သောင်းကျန်းမှု အပိုင်းအစများ၊ ပြည်ပြေးအမျိုးသား သစ္စာဖောက်များကိုလည်း ပြည်ပ အဖျက်သမားများနှင့် တစ်တန်းတည်းထားပြီး ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းသွားမည်ဟု ပြည်သူတစ်ရပ်လုံး၏ကိုယ်စား ပြောကြားလိုက်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက်ပဲခူးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးဝင်းခိုင်က တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ် အလုပ်အမှုဆောင်ဒေါ်ဝင်းမာရွှေနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ဖြူပြာစိုးတို့ တင်သွင်းသွားကြသည့် **"ပြည်တွင်း ပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

အကောင်အထည်ဖော်

ဆက်လက်၍ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာဒေါ်ချိုချိုဝင်းက **"ဒို့တာဝန် အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် ယနေ့အချိန်အခါတွင် မည်သည့်အစိုးရလက်ထက်ကမျှ မလုပ်ဆောင်နိုင်ခဲ့သည့် နိုင်ငံတော်တည်ငြိမ်ရေးကို ဦးစားပေးပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှေးရှုဆောင်ရွက်ရင်း အကြောင်းအမျိုးမျိုးကြောင့် နောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများကိုပါ ဦးစားပေး ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုအကြား၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းများ လျော့နည်းကျဆင်းသွားစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများကို စနစ်တကျ ချမှတ်ပေးပြီး ဒေသအလိုက် အဆက်အစပ်မိမိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးဒေသ (၂၄)ခု ဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်းဆိုသည့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းသုံးခုချမှတ်ပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်လာစေရန် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ဖွံ့ဖြိုးတိုးတက်ရေးမှုသည် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးမှုပင်ဖြစ်ကြောင်း၊ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား မှာလည်း နိုင်ငံတော်အစိုးရက ဦးတည်ဆောင်ရွက်နေသည့် မှုတစ်ခုပင်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သိင်္ဂီမြင့်ရည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးပပတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

မည်သည့်အစိုးရလက်ထက်ကမျှ မလုပ်ဆော
အမျိုးသားစည်းလုံးညီညွတ်ရေး ဦးတည်ဆော
ဥပဒေဘောင်အတွင်းဝင်ရောက်လာပြီး အ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်ခိုင်မြဲမြဲ နှလုံး

စာမျက်နှာ ၇ မှ

ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ပြီး စိုက်ပျိုးရေရရှိရေးလည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးအနေဖြင့် ဆည်မြောင်းတာတမံများကို တိုးချဲ့တည်ဆောက်ခဲ့ရာ ပဲခူးတိုင်းအတွင်း ဆည်မြောင်းတာတမံ ၁၈ခုကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် လမ်းသစ်များဖောက်၊ တံတားသစ်များကို တည်ဆောက်ပေးခဲ့ရာ ပဲခူးတိုင်းအတွင်းတွင် ပေ ၁၈၀အထက်တံတားအနေဖြင့် ၁၉၈၈ခုနှစ်တွင် ၃၈စင်းရှိခဲ့ရာမှ ယခုအခါ တံတားအစင်း ၅၀အထိ တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ လမ်းအရှည်မှာလည်း ၁၉၈၈ခုနှစ်မှ ယခုအထိ ၂၁၆မိုင်ကျော်ကို တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ရထားလမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ တယ်လီကွန်မြူနီကေးရှင်းတွင်လည်း တစ်နိုင်ငံလုံးအဆပေါင်းများစွာ တိုးချဲ့တပ်ဆင်ခဲ့သည့်အပြင် ကမ္ဘာ့နောက်ဆုံးပေါ်နည်းပညာများကိုပါ ရယူနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာပြီး ကွန်ရက်သဖွယ် ဆက်သွယ်လာနိုင်သည်ကိုလည်း ပြည်သူအများသိရှိပြီး ဖြစ်ကြောင်း။

သဘာပတိ
အမှာစကားပြောကြား

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးတွင် သဘာပတိ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အစိုးရသည် ၁၀နှစ်ကျော်အတွင်း လျှပ်စစ် ၇၆၇မဂ္ဂါဝပ် တိုးတက် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ဆက်လက်၍ မုန်းရေအားလျှပ်စစ်၊ ရဲနွယ်၊ ရဲရွာ၊ ဖြူးချောင်း၊ ရွှေကျင်စသည့် စီမံကိန်းကြီးများမှ ဆက်လက်ထုတ်လုပ်နိုင်တော့မည်ဖြစ်၍ **"လျှပ်စစ်စွမ်းအားဖြင့် စက်မှုနိုင်ငံ ထူထောင်အံ့"**ဟု ဆိုရမှာဖြစ်ကြောင်း၊ ထို့အတူ သဘာဝဓာတ်ငွေ့ ရရှိရေးကိုလည်း အစွမ်းကုန်တိုးချဲ့ရှာဖွေထုတ်လုပ်နေပြီဖြစ်ကြောင်း။

ထို့အပြင် ပညာရေးကဏ္ဍတွင်လည်း လူတိုင်းအတွက် ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ

လျက်ရှိနေကြောင်း၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ယနေ့ကာလတွင် ကျောင်းနေမှုနှုန်း အလွန်တက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်နှင့် သစ်တောပညာတက္ကသိုလ်တို့သာရှိခဲ့ပြီး ယနေ့ကာလတွင် ကွန်ပျူတာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ လာပြီး **"ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်"** နိုင်တော့မည်ဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံတော်အနေဖြင့် ပဲခူးတိုင်းအတွင်းခြင်း၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ စေလွှတ်ကူညီခြင်း၊ ဆေးဝါးကျွမ်းကျင်မှုသင်တန်းများ တက်ရောက်စေခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း။

ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ပဲခူးခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်(ငြိမ်း) ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာဒေါ်ချိုချိုဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးနှင့်ပတ်သက်၍ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်ဝင်းမာရွှေ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးနှင့်ပတ်သက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ် ဒေါ်ဖြူပြာစိုး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တိုးချဲ့ရှာဖွေ

နိုင်ငံတော်နှင့် ပြည်သူတို့၏ စီးပွားရေးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုတို့အတွက် လျှပ်စစ်စွမ်းအားလိုအပ်ကြောင်း၊ နိုင်ငံတော်စာတတ်မြောက်မှုသည် တစ်နိုင်ငံလုံး၏ ၉၃ရာခိုင်နှုန်းကျော်နေပြီ ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးကိုလည်း နိုင်ငံတော်က တွန်းအားပေးဆောင်ရွက် သိသာစွာ တိုးတက်လာပြီး ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ့ပညာရေးစနစ် ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်အနေဖြင့် ယခင်က ဝိဇ္ဇာနှင့် သိပ္ပံမြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်များအဖြစ် သီးခြားတက္ကသိုလ်များ ပေါ်ပေါက်ခဲ့ပြီး ပညာရပ်များအလိုက် သင်ကြား ပို့ချလျက်ရှိသည့်အတွက် နိုင်ငံတော်က လိုအပ်သည့် အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်ကြီး ပေါ်ထွန်းတိုက်နယ်ဆေးရုံ ၁၃ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၁၈ခုတို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း။

ကူညီဆောင်ရွက်ပေးခဲ့

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့တစ်ခုဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)အနေဖြင့် မြန်မာနိုင်ငံကို ဆေးဝါးပစ္စည်းကိရိယာများ ထောက်ပံ့

ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)အနေဖြင့်လည်း တီဘီရောဂါတိုက်ဖျက်ရေး၊ အနာကြီးရောဂါသည်များ ပြန်လည်ထူထောင်ရေး၊ ငှက်ဖျားရောဂါနှိမ်နင်းရေး၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်း

မလုပ်ဆောင်နိုင်သော နိုင်ငံတော်တည်ငြိမ်ရေး ဦးစားပေးပြီး
တည်ဆောက်ရှက်နိုင်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့
လာပြီး အစိုးရနှင့်အတူ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိ

နိုင်မြဲမြံ နှလုံးသွင်းပြီး အမျိုးသားရေးလမ်းကြောင်းမှန်ပေါ် လျှောက်လှမ်း

ကျင်သန့်ရှင်းရေးလုပ်ငန်းများ၌ မြန်မာနိုင်ငံနှင့် ပူးပေါင်းကာ စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သက်သေထင်ရှား

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အနေဖြင့်လည်း ကလေးနှင့် အမျိုးသမီးများ၏ဘဝ ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးတို့တွင် ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဤကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးတိုး တက်နေခြင်းသည် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ အကူအညီမှလွဲ၍ မည်သည့်နိုင်ငံ၏ အကူအညီမှ ရယူခြင်းမရှိဘဲ ကိုယ့်ခွန် ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်နေမှုကို သက်သေထင် ရှားပြသလျက်ရှိနေခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးခရိုင် စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော်(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော် အေးချမ်းတည်ငြိမ်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ဖြစ်သကဲ့သို့ စည်းလုံးညီညွတ်ခြင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့သည်လည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်များပင်ဖြစ်ကြောင်း၊ ဤအရည်အချင်းသုံးရပ်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ယှက်နွယ်နေကြောင်း၊ ဤကာလတွင် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အင်အားခိုင်မာတောင့်တင်းရေး၊ ဒီမိုကရေစီလူ့ဘောင် ဖြစ်ထွန်းပေါ်ပေါက်လာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ချမှတ်ခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင်–

(၁) **အေးချမ်းတည်ငြိမ်ခြင်း၊**
(၂) **နိုင်ငံတော်နှင့် ပြည်သူများ စီးပွားရေးခိုင်မာတောင့်တင်းခြင်း၊**
(၃) **အမျိုးသားပညာရေး မြင့်မားခြင်းဆိုသည့် အရင်းအနှီးများ လိုအပ်ကြောင်း**

လမ်းညွှန်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံ့တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ချိန်မှစ၍ ယင်းအချက် သုံးချက်လုံး ရရှိအောင် ဖွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့်

စာမျက်နှာ ၁၁ ကော်လံ ၁

ထောက်ခံဆွေးနွေး

ပဲခူး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းခိုင်က ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးအဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်လင်းလင်းသန့်က ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာ

ယနေ့ နိုင်ငံတော်အစိုးရသည် နိုင်ငံတာဝန်ကို ယူရသည့်အချိန်ကစပြီး စည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို ဦးစားပေး အကောင်အထည်ဖော်ရင်း အမျိုးသားစီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်မှု၊ အေးချမ်းတည်ငြိမ်မှုများနှင့်အတူ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရန် အခြေခံအဆောက်အအုံများ၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် အကောင်အထည်ဖော်လျက်ရှိ။

မူးယစ်ကင်းမဲ့နိုင်ငံမှ ဒေသတွင်းမူးယစ်ကင်းမဲ့ရေးသို့

"ဘိန်းပင်"ကို အီဂျစ်လူမျိုးများစတင်တွေ့ရှိခဲ့ကြပြီး အီဂျစ်မှ ဂရိနိုင်ငံ၊ ဂရိမှ အာရှမိုင်းနားသို့ ပြန့်ပွားရောက်ရှိကာ ထိုဒေသတွင် ဘိန်းစိုက်ပျိုးမှု လုပ်ငန်းထွန်းကားခဲ့သည်။ အာရပ်ကုန်သည်များ သယ်ဆောင်မှုကြောင့် "ဘိန်း"သည် အာရှတိုက်အစွန်အဖျားအထိ ရောက်ရှိလာခဲ့သည်။ ဘိန်း၏ ဆိုးကျိုးကိုသိလျက် ဘိန်းမှရရှိသော အခွန်အကောက်များကိုမက်၍ ဘိန်းရှုခွင့်နှင့်စိုက်ပျိုးခြင်းကို ခွင့်ပြုခဲ့သူမှာ နယ်ချဲ့တို့ဖြစ်၏။ စစ်အေးကာလတွင် ဝါဒတစ်ခုကို တိုက်ဖျက်ရေးအတွက် "ဘိန်း"ကို လူသားမျိုးနွယ်ပြုန်းတီးရေး လက်နက်အဖြစ် အသုံးပြုခဲ့ကြပြန်သည်။ ဤမျှ ဆိုးကျိုးကိုပေးခဲ့သော "ဘိန်း"ကို ဆက်လက် ရှင်သန်ခွင့် ပြုခဲ့ကြသဖြင့် နည်းပညာဖွံ့ဖြိုးလာသော မျက်မှောက်ကာလတွင် "ဘိန်း"သည် မူးယစ်ဆေးဝါးအဖြစ် အသွင်ပြောင်းလျက် လူသားမျိုးနွယ်များအား ခြိမ်းခြောက်ခဲ့လေသည်။

ယခုအခါ ဘိန်းကို အခြေခံထုတ်လုပ်သော ဟယ်ရိုအင်း'ခေါ်' ဘိန်းဖြူ၊ ဓာတုဗေဒနည်းဖြင့် ဖော်စပ်သောမူးယစ်ဆေးဝါးများ၊ လှုံ့ဆော်မှုအာရုံကို ဖြစ်ပေါ်စေသောဆေးဝါးများ၊ မာဗီကျူရိတ်ခေါ်အိပ်ဆေးများ၊ ဖြေသိမ့်ဆေးများ၊ လှုံ့ဆော်ဆေးများ ထုတ်လုပ်လာကြကာ လူသားတို့အား ဒုက္ခပေးလျက်ရှိသည်ကို တွေ့ကြရသည်။

စိတ်ကြွရူးသွပ်ဆေးကဲ့သို့သော ဓာတုဗေဒဖြင့် ပြုပြင်ဖန်တီး ထုတ်လုပ်ထားသည့် မူးယစ်ဆေးဝါးများ ပြဿနာကြီးထွားလာမှုနှင့် ပတ်သက်၍ ဒေသအတွင်းရှိနိုင်ငံများ ပူးပေါင်းဆောင်ရွက် ရမည့်ကိစ္စဖြစ်သည်။ ဤစိတ်ကြွရူးသွပ်ဆေးပြဿနာသည် ဘိန်းအခြေခံ ဆေးဝါးများ၊ ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု ပြဿနာများနှင့် လုံးဝကွာခြားလေသည်။

မြန်မာနိုင်ငံတွင် ဓာတုဆေးဝါးများထုတ်လုပ်သည့် စက်မှုလုပ်ငန်း မရှိသဖြင့် မူးယစ်ဆေးဝါးများပြုလုပ်ရန် အစပြုဓာတုဆေးဝါးများသည် အိမ်နီးချင်းနိုင်ငံအချို့၏ တရားမဝင်စီးကြောင်းမှ ဝင်ရောက်လာသည်ကို တွေ့ရသည်။ အစောပိုင်းကာလများကပင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)မှ နည်းပညာနှင့် အကူအညီများရယူလျက် တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းဖြေရှင်း ဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံသည် ဓာတုဗေဒပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ၂၀၀၃ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်၊အိန္ဒိယ၊ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးရုံးတို့နှင့် ပူးပေါင်းလျက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ရသောပြဿနာများ၊ သတင်းအချက်အလက်နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

၂၀၀၃ခုနှစ် မတ်လကုန်ကလည်း မိုးရေးမြို့တွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးထိန်းချုပ်ရေးရုံး၏ ကမကထပြုမှုဖြင့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ဥပဒေအကောင်အထည်ဖော်ရေးဆိုင်ရာ တာဝန်ရှိသူများပူးတွဲလျက် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ မြန်မာနှင့်ထိုင်းနိုင်ငံအကြား အခြေခံနှင့် ဗဟိုအဆင့်နယ်စပ်ဆိုင်ရာ အစည်းအဝေးများတွင် သတင်းအချက်အလက်များ ဖလှယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက် ခြင်းများနှင့် နယ်စပ်ဒေသဆက်သွယ်ရေးရုံးများ ဖွင့်လှစ်နိုင်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

၂၀၀၅ခုနှစ် မေလ ၁၉ ရက်နေ့ကလည်း ဒုတိယအကြိမ် အာဆီယံနှင့် တရုတ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ အကြံညှိနှိုင်းအစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများဖြစ်သည့် MoU (6)နိုင်ငံတို့အား ပေါင်းစည်း၍ ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ ဒေသဖြစ်လာစေရန် ပူးပေါင်းတိုက်ဖျက်မှုကို ဖော်ဆောင်နိုင်လျက်ရှိသည့်အပြင် UNODC ၏ နည်းပညာပံ့ပိုးမှု၊ အလှူရှင် နိုင်ငံများ၏ ပံ့ပိုးမှုး MoU နိုင်ငံများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်မှုတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရသည်။

၂၀၀၅ခုနှစ် ဇူလိုင်လ၁၁ရက်နှင့် ၁၂ရက်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးကော်မတီနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု ဆန့်ကျင် တိုက်ဖျက်ရေးအတွက် ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်း အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ယင်းမတိုင်မီ ၁၉၇၄ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်နေ့ကပင် ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါး ၁၀၂မျိုးအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများအဖြစ် ကြေညာခဲ့သည်။

ယခုလည်း ကျန်းမာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၂ ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း၂၅မျိုးကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်သည်။ ၂၀၀၄ခုနှစ် ဇူလိုင်လ ၁ရက်နေ့တွင်လည်း ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သော အလုပ်ရုံဆွေးနွေးပွဲကြီးတွင် **တရားမဝင် မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား (ATS) အထူးသဖြင့် မက်သာအက်ဖက်တမင်းနှင့် အက်စတာဆီ(MDMA) များထုတ်လုပ်ရာတွင် အရေးပါသည့် ဓာတုပစ္စည်းများ တရားမဝင် လမ်းကြောင်းပြောင်းလဲမှုကို တားဆီးကာကွယ်ရန်အတွက် ဓာတုပစ္စည်း စက်မှုလုပ်ငန်းရှင်များက အစိုးရအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ဆန္ဒအလျောက် သဘောတူခဲ့ကြ**သည်ဟု သိရသည်။

မူးယစ်ဗဟိုအဖွဲ့ဝင် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားရာတွင် "ဓာတုပစ္စည်းများကို ကုန်ထုတ်လုပ်ငန်းများတွင် နေ့စဉ် အသုံးပြုနိုင်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့်အတွက် အဓိကအရေးပါသော ဓာတုပစ္စည်းများကို နိုင်ငံတကာက ယခုကဲ့သို့ ကြီးကြပ်ထိန်းချုပ်ရန် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့အရေးပါသော ဓာတုပစ္စည်းများကို သတ်မှတ်ထိန်းချုပ်ခြင်း၏ ရည်ရွယ်ချက်များမှာ ဓာတုပစ္စည်းလုပ်ငန်းရှင်များက တရားဝင်တင်သွင်းသယ်ဆောင်ပြီး ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကို တရားမဝင်သည့် မူးယစ်ဆေးဝါး၊

ခြင်ကျား (မအုပ်)

သို့မဟုတ် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများ ချက်လုပ်သည့်နေရာကို လမ်းကြောင်းပြောင်းလဲ ရောက်ရှိမသွားအောင် ဝိုင်းဝန်းထိန်းချုပ်သွားရန် တာဝန်ရှိသကဲ့သို့ အသိတရားဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ဤဆွေးနွေးပွဲတွင် တရားဝင်ကုန်သွယ်မှု ပြုလုပ်သည့် အရေးပါသော ဓာတုပစ္စည်းများကို တရားမဝင်လမ်းကြောင်းသို့ မရောက်ရှိရေး၊ ကြိုတင်ကာကွယ်ရာတွင် အစိုးရအဖွဲ့အစည်းနှင့် လုပ်ငန်းရှင်များ၏အကြား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်သွားရမည် ဆိုသည့်အချက်ကို ဖော်ထုတ်ဆွေးနွေး အဖြေရှာရမည်ဖြစ်ကြောင်း" စသည်ဖြင့် အဓိကအရေးပါသော ဓာတုပစ္စည်းများကို နိုင်ငံတကာမှ ထိန်းချုပ်ရခြင်း အကြောင်းရင်းနှင့် အဆိုပါဓာတုပစ္စည်း လမ်းကြောင်းပြောင်းလဲ ရောက်ရှိမသွားရေး လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ပြောကြားသွားခဲ့သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲသို့ ဓာတုပစ္စည်း စက်မှုလုပ်ငန်းများ၊ ဆေးဝါးစက်ရုံများနှင့် ဓာတုပစ္စည်းကုန်သွယ်ရောင်းဝယ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းမှ အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် တာဝန်ရှိသူများ၊ ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီဝင်များ၊ လုပ်ငန်းဆက်စပ်သည့် အစိုးရဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်ဟု သိရသည်။

> တရားမဝင် မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား (ATS) အထူးသဖြင့် မက်သာအက်ဖက်တမင်းနှင့် အက်စတာဆီ (MDMA) များထုတ်လုပ်ရာတွင် အရေးပါသည့် ဓာတုပစ္စည်းများ တရားမဝင်လမ်းကြောင်းပြောင်းလဲမှုကို တားဆီး ကာကွယ်ရန် အတွက် ဓာတုပစ္စည်း စက်မှုလုပ်ငန်းရှင်များက အစိုးရအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ ဆန္ဒအလျောက် သဘောတူခဲ့ကြ။

ထိန်းချုပ်ဓာတုပစ္စည်းများကို တရားဝင်ကုန်သွယ်မှုပြုလုပ်ရာမှ တရားမဝင် လမ်းကြောင်းသို့ ပြောင်းလဲရောက်ရှိခြင်းများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာပင်ဖြစ်သည်။ အရှေ့အာရှတွင် စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်သည့် တရားမဝင်ဓာတ်ခွဲခန်းများကို အချို့နိုင်ငံများ၌ ဖမ်းဆီးရမိမှုများ တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် စိတ်ကြွရူးသွပ်ဆေး(ATS) ထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲမှုကို အထူးအာရုံစိုက်ရန် လိုအပ်လာသည်။

ဓာတုပစ္စည်းများကို တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိရာ ဓာတုပစ္စည်းစက်မှုလုပ်ငန်းနှင့် ဆေးဝါးစက်မှုလုပ်ငန်းများမှ တရားဝင်ကုန်သွယ်မှုပြုလုပ်နေသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများက ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားခြင်းမရှိသည့် အသိပညာနည်းသော ကုမ္ပဏီ၊ လုပ်ငန်းရှင်များထံမှ လိုအပ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းကြမည်ဆိုသည့် အချက်ကို အလေးအနက်ထား စဉ်းစားသုံးသပ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲ သယ်ဆောင်တတ်ကြောင်း နားလည်သဘောပေါက်မှုကိုတိုးမြှင့်ရန် လုပ်ငန်းရှင်များနှင့် အစိုးရ အဖွဲ့အစည်းအကြား ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော ကိစ္စပင် ဖြစ်သည်။

UNODC ၊ စက်မှုလုပ်ငန်းရှင်နှင့် အစိုးရအဖွဲ့အစည်းတို့သည် ထိန်းချုပ်ဓာတုပစ္စည်းလမ်းကြောင်းပြောင်းလဲမှုကို ကာကွယ်တားဆီးရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းကို တားဆီးနှိမ်နင်းရေးတွင် ဓာတုပစ္စည်းစက်မှုလုပ်ငန်းရှင်များ၏ အရေးပါမှုကို အသိပညာပေးရေးဗီဒီယိုသင်တန်းအစီအစဉ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ အဆိုပါ DVD သည် အသက်ဝင်သည့် လှုပ်ရှားဓာတ်ပုံများ၊ နောက်ခံစကားပြောနှင့်ပြကွက်များ၊ အသံအထူးပြုလုပ်ချက်များဖြင့် အရည်အသွေး မြင့်မြင့် ထုတ်လုပ်ထားသည်ဟု သိရသည်။ ထိုအစီအစဉ်တွင် သင်ကြားမှု အထောက်အကူပစ္စည်းဖြစ်သည့် လက်ကိုင်စာအုပ်များကို UNODC က ထောက်ပံ့ပေးခဲ့သည်။ သက်ဆိုင်သည့် ဌာနဆိုင်ရာနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား သင်တန်းပေးခြင်းဖြင့် ဓာတုပစ္စည်း လုပ်ငန်းရှင် များ၏ အသိပညာတိုးပွားလာမည်ဖြစ်သည်။

ဇူလိုင်လ ၁၁ ရက်နှင့် ၁၂ ရက်များတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းတို့ ပူးပေါင်း၍ တရားမဝင် မူးယစ်ဆေးဝါးကို တိုက်ဖျက်ရာ၌ ဆောင်ရွက်ရမည့် အောက်ပါအရေးကြီးလုပ်ငန်းများကို သဘောတူမူကြမ်းရေးဆွဲနိုင်ခဲ့ကြသည်–

- ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ အမျိုးသားပူးပေါင်းဆောင်ရွက်မှုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်သတ်မှတ်ခြင်း။
- ဓာတုပစ္စည်းလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ထိန်းချုပ်ဓာတုပစ္စည်းများ လမ်းကြောင်းပြောင်းလဲမှုကို ကာကွယ်တားဆီးရန် ကြိုးပမ်းရာတွင် မိမိတို့လုပ်ငန်း၊ ကုမ္ပဏီတစ်ခုချင်းအလိုက် (Code of Conduct) များရေးဆွဲရန် အခြေခံရမည့် မူကြမ်းကို ရေးဆွဲ အတည်ပြုခြင်း။
- တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှု တားဆီးနှိမ်နင်းရေးတွင် ဓာတုပစ္စည်း စက်မှုလုပ်ငန်းရှင်များ၏ အရေးပါမှုကို အသိပညာပေးရေး DVDသင်တန်း အစီအစဉ်အား ကုမ္ပဏီလုပ်ငန်းရှင်များ အပိုင်းမှ စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရန်ဟု သဘောတူညီခြင်း

တို့ကို အလုပ်ရုံဆွေးနွေးပွဲကြီးမှ သတ်မှတ်နိုင်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ငါးနှစ်စီမံကိန်းသုံးခုဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုစီမံကိန်းကြီးနှင့်အတူ ၂၀၀၂ ခုနှစ် ဧပြီလမှစ၍ ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေး "ပန်းတိုင်သစ်" စီမံကိန်းကို ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကိုပါ ဟန်ချက်ညီညီ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ ခုနှစ် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသော အစီရင်ခံစာ၌ ၂၀၀၄ခုနှစ်နှင့် ၂၀၀၃ခုနှစ်တို့ကို နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှု ၃၄ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်းနှင့် လွန်ခဲ့သော ရှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှု တန်၂၅၆၀ မှ ၂၉၂ တန်သို့ ကျဆင်းခဲ့သဖြင့် ၈၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် စင်စစ်အားဖြင့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည်။ ယင်းဆိုးမွေကြီးကို မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ တိုင်းရင်းသားလူမျိုးများ အပါအဝင် အမျိုးသားရေးအင်အားစုများ၏ ပူးပေါင်းမှုဖြစ်သော ကိုယ်ပိုင်စွမ်းအားများဖြင့်လည်းကောင်း၊အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ မျက်မှောက်ကာလ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံတကာကြုံတွေ့ရသည့် ပြဿနာဖြစ်၍ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပေသည်။

ယခုအခါ မြန်မာနိုင်ငံသည် မူးယစ်ကင်းမဲ့နိုင်ငံမှသည် ဒေသတွင်း မူးယစ်ကင်းမဲ့ရေးသို့ ဆောင်ရွက်နေပြီဖြစ်သဖြင့် အောင်မြင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမျိုးမြင့် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်သည် လျှပ်စစ်စွမ်းအား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၇) တည်ဆောက်ရေးမှ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ဇူလိုင် ၂၇ ရက်က ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်များဖြစ်သော ရာနှုန်းပြည့် တည် ဆောက်ပြီးဖြစ်သော ကျောက်စီကွန်ကရစ် ရေလွှဲဆည်အမှတ်(၁)နှင့် အမှတ်(၂) တို့ကိုလည်းကောင်း၊ တည်ဆောက် ပြီးစီးပြီဖြစ်သော အလျား ၁၀၈ ပေ၊ အကျယ် ၉၈ ပေ နှင့် အမြင့် ၁၈ပေရှိပြီး ရေတံခါးနှစ်ပေါက် ပါရှိသည့် ရေယူအဆောက်အအုံကိုလည်းကောင်း၊ တည်ဆောက်ပြီးစီး ပြီဖြစ်သည့် သဲထုတ်ရေတံခါးနှစ်ပေါက်ကိုလည်းကောင်း အသေးစိတ် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့်အဖွဲ့သည် ဇူလိုင် ၂၈ရက်တွင် သံကူကွန်ကရစ် အမျိုးအစား သဲနုန်း ထုတ်ကန် တည်ဆောက်ခြင်း လုပ်ငန်း၊ ရေသွယ်မြောင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေကြသည် တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတောင်း ရေတံခွန်၏ အောက်ဘက်ရှိ နမ့်တိန်ချောင်းကို ရာသီမရွေး ဖြတ်ကူးနိုင်ရန်အတွက် သံပေါင်တပ်ဆင်ထားသော တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် တည်ဆောက်ပြီးဖြစ်သော ကမ်းကပ်ခုံလေးခုတို့ကို ကြည့်ရှုစစ်ဆေးပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်ဖြန့်ဖြူးမည်

ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ခန့်အကွာ နမ့်တိန်ချောင်းပေါ်တွင် တည်ရှိပြီး စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား ၁၈မဂ္ဂါဝပ် အင်အားရှိဓာတ်အားပေးစက်သုံးလုံးဖြင့် လျှပ်စစ်ဓာတ်အား ၅၄ မဂ္ဂါဝပ် ထုတ်လုပ်မည်ဖြစ်ရာ လျှပ်စစ်ဓာတ်အားနှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီသန်းပေါင်း ၄၇၂သန်း ထုတ်လုပ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။

ထိုသို့ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေစဉ် ကာလအတွင်း အသုံးပြုရန် လိုအပ်သော လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် နမ့်တိန်ချောင်းမှ ရေကိုအသုံးပြု၍ ကီလိုဝပ် ၆၀ အင်အားရှိ အသေးစားရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံ တည်ဆောက်ပြီး ၂၄ နာရီ ဓာတ်အား ထုတ်ယူသုံးစွဲလျက်ရှိကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အောင်ပင်လယ်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ (မဟာဂန္ထဝါစကပဏ္ဍိတ) အမှူးရှိသော ဝါဆိုသံဃာတော် အပါး ၁၀၀ကျော်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း၊ စာအောင်ဆုလက်မှတ် ဆက်ကပ်ခြင်းတို့ကို ဇူလိုင် ၂၀ရက်က ကျင်းပရာ အလှူရှင်များ တက်ရောက်လှူဒါန်းကြပြီး ဗဟန်းမြို့နယ် သံလွင်လမ်း ရွှေတောင်ကြား(၂) ၈၄(အေ)နေ ပန်းချီဦးမင်းဝေအောင်-ဒေါ်သန်းသန်းမော်၊သား မင်းမော်အောင်၊ ကောင်းမော်အောင်မိသားစုက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။**(က-ပ)**

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွေ့အကြုံရှင်းလင်း၊ ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဇူလိုင် ၃၀

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)အတွေ့အကြုံရှင်းလင်းပွဲနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အနော်ရထာလမ်းရှိ အဆိုပါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (အငြိမ်းစား)**(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်စန်းက အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီက ပေးအပ်သည့် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကိုးဦးအတွက် ထောက်ပံ့ ချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀စီ၊ မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးအတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ် ၅၀၀၀၀နှင့်မသန်စွမ်းစစ်မှုထမ်းဟောင်း အဖွဲ့ဝင်၏သားတစ်ဦးအတွက် ပညာသင်ထောက်ပံ့ချီးမြှင့်ငွေကျပ် ၃၀၀၀၀တို့ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (အငြိမ်းစား)နှင့် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဟန်မင်း (အငြိမ်းစား)တို့က ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အသက်(၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဆောင်ရွက်ခဲ့သည်ကို ပြည်သူတစ်ရပ်လုံး မျက်မြင်ကိုယ်တွေ့ပင်ဖြစ်ကြောင်း။

မိမိတို့ပြည်သူများ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုနှင့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတို့အတွက် ပုဂ္ဂလူထုအစည်းအဝေးကြီးကျင်းပကာ ကြေညာချက်နှစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းကြေညာချက်များမှာ-

(၁) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွအင်တိုက်အားတိုက် ပါဝင်ရေး၊

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုအပေါ် ဂုဏ်ပြုရေးနှင့် ပြည်ထောင်စုတိုင်းရင်းသားအပေါင်းက ဆက်လက်ထိန်းသိမ်းကာကွယ်ရေးဆိုသည့် ကြေညာချက်အတိုင်း မိမိတို့ပြည်သူတစ်ရပ်လုံးက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံဟာ နှစ်ပေါင်းထောင်ချီပြီး ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံးဖြင့် နေထိုင်လာခဲ့ကြခြင်းဖြစ်ရာ ပြည်ထောင်စုကြီး၏ သမိုင်းကြောင်း အစဉ်အလာကို မထိခိုက်ဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို မယိုယွင်းစေဘဲ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပီပြင်စွာ ထွန်းကားလာမည့် နိုင်ငံတော်သစ်ကြီးဆီသို့ အရောက်ချီတက်ကြရမှာဖြစ်ကြောင်း၊ ဤသို့ အရောက်လှမ်းနိုင်ရန် နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကို ပြည်သူများ၏ ထောက်ခံမှုအပြည့်အဝဖြင့် ကျင်းပနေသည်မှာ ယခုဆိုလျှင် အရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးအတွက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အခြေခံရမည့် အသေးစိတ်အခြေခံမှုများကိုလည်း အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လမ်းကြောင်းမှန်

ထို့ကြောင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးဆိုသည့် အမျိုးသားပန်းတိုင်ကို ချီတက်ရာတွင် ပြည်ထောင်စုကြီးအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်တွေကို ခိုင်ခိုင်မြဲမြဲ နှလုံးသွင်းပြီး အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းကြရန် အရေးကြီးလှကြောင်း။

နိဂုံးချုပ်အနေဖြင့် "ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး" အဆိုကို တင်သွင်းရင်း **"ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးကြပါစို့၊ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်အောင် ထိန်းသိမ်းကြပါစို့၊ ဘယ်သူခြောက်ခြောက် ဒို့မကြောက်ဘဲ နိုင်ငံတော်ကို တည်ဆောက်ကြပါစို့၊ အမိပြည်ထောင်စုနဲ့ နိုင်ငံသားတို့ကို မိမိတို့ဘဝလို့ ခံယူကြပါစို့၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ထားတဲ့ အမျိုးသားရေးလက္ခဏာများကို ကာကွယ်ထိန်းသိမ်းကြပါစို့"**ဟု ဤနေရာမှ နှုတ်ဆက်ရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထောက်ခံဆွေးနွေး

ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် အလုပ်အမှုဆောင် ဒေါ်လင်းလင်းသန့်က ပဲခူးတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ်စားလှယ် ဒေါက်တာဒေါ်ချိုချိုဝင်းနှင့် ပဲခူးခရိုင်စစ်မှုထမ်းဟောင်းအဖွဲ့ကိုယ်စားလှယ် ဗိုလ်မှူးကျော်ကျော် (အငြိမ်းစား)တို့တင်သွင်းသွားကြသည့် "ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး" အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

အတည်ပြု

ယင်းနောက် သဘာပတိက **"ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** အဆိုနှင့် **"ဒို့တာဝန်အရေးသုံးပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန်အစည်းအဝေး တက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၁-၇-၂၀၀၅(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀	၆။	အရေးပြိုင်ပွဲ
၈:၃၀	၇။	မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်း ခုံးကျော်တံတား
၈:၂၀	၈။	အကပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား"** (အပိုင်း-၂၅)
၁၂:၂၀	၅။	(၂၉)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲ
၁၂:၃၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"စားလဒ်နှင့်အကြွင်း"** ဝေဠုကျော်၊ မေသဥ္ဇာဦး၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ-အောင်ဩဘာ)
၁၄:၂၅	၇။	တေးဂီတအစီအစဉ်
၁၄:၃၅	၈။	နဂါးရေလှောင်တမံ
၁၄:၄၅	၉။	International News
၁၅:၀၀	၁၀။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	သံသာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ အထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၄၀	၈။	တေးဂီတအစီအစဉ်
၁၇:၅၅	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီတစ်ရာ့တစ်လီ"** (အပိုင်း-၄၄)
၁၉:၃၅	၁၃။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၄။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"** (အပိုင်း-၆၃)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော် တက်ရောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမ များအား တွေ့ဆုံ၊ လိုအပ်သည်များ ပံ့ပိုးပေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မိုးရာသီသစ်ပင်စိုက်ပွဲတော် အခမ်းအနားကို ယမန်နေ့ညနေ၃နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမအနီး၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားပြီး အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက ဒဂုံတက္ကသိုလ်အတွင်း သစ်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ၂၀၀၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရာသီ၌ ခရိုင်အတွင်း သစ်ပင်များ စိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးပြီးသစ်ပင်များ ရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းက ရန်ကုန်တိုင်းအတွင်း ရတနာတန်းဝင် ကျွန်းစိုက်ခင်းများ၊ ရေဝေရေလဲစိုက်ခင်းများ၊ ကျေးရွာသုံးထင်းစိုက်ခင်းများ စိုက်ပျိုးထားရှိမှု၊ စိုက်ပျိုးပြီးစိုက်ခင်းများကို ပေါင်းသင်ရှင်းလင်းခြင်း၊ အပင်ဖာထေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရန်ကုန်တိုင်းအတွင်း ပျိုးပင်ပေါင်း ၁၅ သိန်း ပျိုးထောင်ဖြန့်ဝေပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပျိုးပင်များဝေငှ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြ သူများအား ပေါက်ပန်းဖြူ၊ သီဟိုဠ်၊ သစ်ဆိမ့်နှင့် ခရေပျိုးပင်များ အပါအဝင် အပင်မျိုးစုံ ၁၁ မျိုးကို ဝေငှပေးကြသည်။

အမှတ်တရစိုက်ပျိုးပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ယင်းနောက် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦးနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် သစ်ပင်စိုက်ပွဲတော်အတွင်း ဆရာ ဆရာမများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဒဂုံတက္ကသိုလ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်ဦးကျော်မြင့်ဦးက တက္ကသိုလ်၏ သင်ကြားရေး၊စီမံခန့်ခွဲရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး(မြို့ပြ)ဦးသိန်းစောက ဒဂုံတက္ကသိုလ်အတွင်း ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားပြီး တက္ကသိုလ်၏ သင်ကြား၊စီမံရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန် အလက(၁)ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကို ဇူလိုင် ၁၈ရက်က ကျင်းပရာ တောင်သူကုန်းရပ်ကွက်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝါခင်းတောင်ကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တစန္ဒောဘာသထံ ကျောင်းအုပ်ဆရာကြီး ဦးတင်အေးက ဝါဆိုသင်္ကန်းများ ဆက်ကပ်စဉ်။ (ဝ၄၆)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉နာရီက ရေတပ်လေ့ကျင့်ရေးဌာနချုပ် သန်လျင်တပ်နယ်၌ကျင်းပရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေးကြသည်။

ချီးမြှင့်ပေးအပ်

ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးယှဉ်ပြိုင်ကြပြီး ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်က တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကောလိပ်၊ တက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇူလိုင် ၃၀

မော်လမြိုင် ကောလိပ်၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် မင်္ဂလာဒုံလေဆိပ် အိုအေစစ် စားသောက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၈ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်မီးပွိုင့်အနီးရှိတော်ဝင်နှင်းဆီစားသောက်ဆိုင်၌ပြုလုပ်မည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှကျောင်းသားကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၁–၇–၂၀၀၅(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 ၏အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ချည်မျှင်ရှည်ဝါ အထွက်တိုးနည်းပညာ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	(၂၃)ကြိမ်မြောက် SeaGames အကြို တွေ့ဆုံမေးမြန်းခြင်း (ပိုက်ကျော်ခြင်း)
၇း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၅၀	ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၏ နယ်လှည့်ပိုက်ကျော်ခြင်း စွမ်းရည်ပြပွဲအကြောင်း
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၅	Sunday Talk
၉း၁၅	မိုးလေဝသခန့်မှန်းချက်
၉း၂၀	လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	ပန်းပျိုးလက်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	၂၀၀၅ခုနှစ် နိုင်ငံတကာ ဂေါက်သီးရိုက်ပြိုင်ပွဲ အပိုင်း(၁)
၁၀း၄၅	မေးသမျှဖြေရအောင် (ညွှန့်ဝင်း၊ မင်းဟိန်း)
၁၁း၀၀	MRTV-4 ၏အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက် သတ္တုဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက် သတ္တုဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးတွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများနှင့် ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက် ဖက်စပ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

မှာကြား

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က သတ္တုတွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်သည့် ရွှေ၊ ခဲမဖြူ၊ အဖြိုက်နက် ထုတ်လုပ်မှုလုပ်ငန်းများ၏ ၂၀၀၅–၂၀၀၆ ခုနှစ် လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျလုပ်ကိုင်ရေး၊ သတ္တုတွင်းဝန်ကြီးဌာန ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီညှိနှိုင်း ဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကကဏ္ဍမှ သတ္တုများတိုးတက်ရှာဖွေထုတ်လုပ်ရေးတို့ကို ဆောင်ရွက်သွားကြရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက တစ်နိုင်ငံလုံးရှိ ပြည်နယ်နှင့်တိုင်းအလိုက် ရွှေ၊ခဲမဖြူ၊အဖြိုက်နက် လျာထားချက်၊ ထုတ်လုပ်မှုတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။ လုပ်ငန်းရှင်များကလည်း ၎င်းတို့ဆောင်ရွက်နေမှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းပေးပြီး ဥပဒေ၊ နည်းဥပဒေများအား ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဝန်ကြီးက ယနေ့နိုင်ငံတော်၏ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းရှင်များအပိုင်းမှ လိုက်နာရန်များ၊ သတ္တုတွင်းဥပဒေ၊ နည်း ဥပဒေများ၊ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၆ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများ ဝယ်ယူရန် ဂရင်းဝင်းအင်တာပရိုက်(စ်)လီမိတက်က ငွေကျပ် ငါးသိန်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းငွေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အကျဉ်းဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦး အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ၁နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ညှိနှိုင်းပေါင်းစပ်

အစည်းအဝေးတွင်ဝန်ကြီးဗိုလ်ချုပ်မောင်ဦးက အကျဉ်းထောင်၊ အလုပ်စခန်းများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေးဆိုင်ရာများ တိုးတက်ကောင်းမွန်စေရေး၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လေးစားလိုက်နာဆောင်ရွက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းစဉ်များအား ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ NGO များဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပြည်ထဲရေး ဝန်ကြီးဌာန၏ စိုက်ပျိုးရေး၊မွေးမြူရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရည်မှန်းချက်၊ လျာထားချက်များအတိုင်း ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ဌာနတွင်း ဌာနပြင်ပ စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရေး စသည်တို့ကို ဆွေးနွေးမှာကြားသည်။

ဆုငွေများချီးမြှင့်

ဝန်ကြီးသည်၂၀၀၅-၂၀၀၆ပညာသင်နှစ်အတွက် နှစ်ဦးပညာသင်စရိတ်ကိုလည်းကောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထဲရေး ဝန်ကြီးဌာန စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများတွင် စီမံကိန်းလျာထားချက်ထက် ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့သော ဘဝသစ်နှင့် စိုက်ပျိုးရေးအလုပ်စခန်းသုံးခုတို့အား နာမည်ကောင်း လက်မှတ်များနှင့် ဆုငွေများချီးမြှင့်သည်။

ထို့နောက်အစည်းအဝေးကိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေစကြိုဆရာတော်တရားပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း၏ အရိယာဓမ္မာရုံကြီးတွင် တိပိဋကရေဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ အဂ္ဂမဟာအကျော် တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (ရေစကြိုဆရာတော်)သည် ဝါဆိုလကွယ်နေ့ (ဩဂုတ် ၄ ရက်) မွန်းလွဲ၂နာရီ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရှာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအတင့်အသင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

တာမွေမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းကောင်စီကတိသစ္စာခံယူပွဲကို ဇွန် ၂၈ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးသိန်းလွင်က အသင်းခေါင်းဆောင် ဆရာမတစ်ဦးအား တာဝန်ပေးအပ်စဉ်။

(က-ပ)

နိုင်ငံတော်အစိုးရ ဌာနပိုင်မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ် ဇူလိုင်လအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၃၁-၇-၂၀၀၅)ရက်နေ့

၂၀၀၅ခုနှစ် ဩဂုတ်လအတွက်

(၁၄-၈-၂၀၀၅)ရက်နေ့

နှင့်

(၂၈-၈-၂၀၀၅)ရက်နေ့

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၃၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယအကြိမ် ဌာနပေါင်းစုံစားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

နိုင်ငံ့ဂုဏ်ဆောင်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဝန်ထမ်းများကျန်းမာကြံ့ခိုင်မှုရှိစေရန်နှင့် အချင်းချင်းကျွမ်းဝင်ရင်းနှီး စည်းလုံးမှု တိုးပွားစေရန်ရည်ရွယ်ပြီး ဝန်ကြီးဌာနအဆင့်ပြိုင်ပွဲများကို စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော အားကစားနည်းလေးမျိုးတွင် နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာန ကိုယ်စားပြုအဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားအဆင့်ထိ လှမ်းတက်နိုင်ရန် ကြိုးစားကြရန်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအားလုံး အားကစားစိတ်ဓာတ်ပြည့်ဝစွာဖြင့် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြရန်ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စားပွဲတင်တင်းနစ်ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးမြသန်းက မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်သို့ အလှူငွေပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က လက်ခံယူသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဇူလိုင်၂၈ရက်က တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၂၁)သင်တန်းဖွင့်ပွဲကို (၇)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြနိုင် အဖွင့်အမှာစကားပြောကြားစဉ်။ (၁၉၂)

ကမ္ဘာ တစ်လွှား အားကစား

ဩစတြေးလျအသင်းကပ္ပတိန် နယူးကာဆယ်တွင်ကစားမည်

လန်ဒန် ဇူလိုင် ၃၀

ဩစတြေးလျ ဘောလုံးအသင်းကပ္ပတိန် ကရင်မိုရီသည် အင်္ဂလိပ်ပရီမီယာလိဂ်အသင်းဖြစ်သည့် နယူးကာဆယ်ယူနိုက်တက် အသင်းသို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း နယူးကာဆယ်အသင်း ဝက်ဘ်ဆိုက်က သောကြာနေ့တွင် ဖော်ပြသည်။

အသက်၂၉နှစ်အရွယ်ရှိ မိုရီသည် နယူးကာဆယ်အသင်းနှင့် နှစ်နှစ်စာချုပ်ချုပ်ဆိုရန် ဆေးစစ်ချက်တစ်ရပ်ပြီးဆုံးပြီးနောက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ နယူးကာဆယ်အသင်းတွင် ပုံမှန်နေရာရရှိရေးအတွက် ကြိုးစား ကစားသွားမည်ဖြစ်ပြီး ပရီမီယာလိဂ်တွင် ကစားရမည်ဖြစ်သည့်အတွက် ပျော်ရွှင်မိကြောင်း မိုရီက ပြောကြားသည်။ **(ရိုက်တာ)**

ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစား ချယ်လ်ဆီးက ဒီစီယူနိုက်တက်ကိုနိုင်

လန်ဒီဗာ ဇူလိုင် ၃၀

အင်္ဂလိပ်ပရီမီယာလိဂ် ချန်ပီယံချယ်လ်ဆီးအသင်းသည် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် အမေရိကန်နိုင်ငံ ကလပ်အသင်းတစ်သင်းဖြစ်သည့် ဒီစီယူနိုက်တက်အသင်းနှင့် ဇူလိုင်၂၈ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒီစီယူနိုက်တက်အသင်းအတွက် ပွဲချိန် ၃၁မိနစ်တွင် နောက်ခံလူ ဘိုဘိုင်ဘော့စ်ဝဲလ်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ပွဲကို ဦးဆောင်ကစားခဲ့သည်။

အဖွင့်ဂိုးပေးလိုက်ရသဖြင့် ချယ်လ်ဆီးအသင်း ချေပဂိုးရရှိရေး တိုက်စစ်ဆင်ကစားရာမှ ပွဲချိန်၃၅မိနစ်တွင် ချယ်လ်ဆီးတိုက်စစ်မှူးနှင့် အလယ်တန်းကစားသမားအသစ်ဖြစ်သည့် ရိုက်ဖီးလစ်ဖြတ်ပေးလိုက်သည့် ဘောလုံးကို ဒါမိန်းဒတ်ဖ်က မနားတမ်းကန်သွင်းယူခဲ့ရာမှ ဒီစီယူနိုက်တက် ဂိုးသမား ရီမင်ဒို မည်သို့မျှမတတ်နိုင်ဘဲ ဂိုးပေးခဲ့ရခြင်းဖြစ်သည်။

ချေပဂိုးရရှိခဲ့သဖြင့် ချယ်လ်ဆီးအသင်းက ဒီစီယူနိုက်တက်အသင်းဘက်သို့ဖိကစားထားရာမှ ချယ်လ်ဆီးမှ ရော်ဘင်ဖြတ်ပေးလိုက်သည့် ဘောလုံးကို ချယ်လ်ဆီးအသင်း၏ အာဂျင်တီးနားတိုက်စစ်မှူး ဟာနန်ခရက်စပိုက သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်သီတင်းပတ်က မက်ဆာချူးဆက်တွင် အေစီမီလန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားရာတွင်လည်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုပွဲသည် ဒုတိယမြောက်နိုင်ပွဲဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးအသင်းနှင့် ဒီစီယူနိုက်တက်အသင်းတို့၏ ချစ်ကြည်ရေး ခြေစမ်းပွဲတွင် ချယ်လ်ဆီးမှ ရော်ဘင် (ယာ) ထိုးဖောက်ကစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်တွင်းကြီးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း ငါးထပ်ကြီးဘုရားအနီး တောင်တွင်းကြီးကျောင်းတိုက်(စာသင်တိုက်)တွင် ပဓာနနာယက ဆရာတော်ဦးမုနိန္ဒအားအမှူးထား၍ ကျောင်းရှိသံဃာရှင်သာမဏေအပါး ၅၀နီးပါးအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၁ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင်ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင် (ငြိမ်း) ဖုန်း-၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၆၅၁၉၄၃၊ ၅၃၉၇၃၈၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၆၄၀၈၆၆၊ ၂၄၃၉၉၂ တို့သို့ဖြစ်စေ၊ နီးစပ်ရာအမှုဆောင်များထံဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်သည်။ သင်္ကန်းကပ်လှူပွဲသို့ အသင်းဝင်များနှင့် မဝင်ရသေးသူများပါ တက်ရောက်နိုင်ပြီး ပရိသတ်အား တောင်တွင်းကြီး မုန့်ဟင်းခါး ကျွေးမွေး ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၀

အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ပူးပေါင်း စီစဉ်ကျင်းပသည့် (၁၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ဇူလိုင်၂၇ရက် မွန်းလွဲ ၁နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲစဉ်များ အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အသက်(၁၈)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမ အေးမြတ်သူ(မွန်ပြည်နယ်)၊ဒုတိယ မြတ်သက်မွန် (ဧရာဝတီတိုင်း)၊ ပူးတွဲတတိယ ခင်ကောင်းစံ(မန္တလေးတိုင်း)နှင့် အေးအေးစန်း (မွန်ပြည်နယ်)တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်သိန်းက အသက်(၁၈)နှစ်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမ သက်ကိုလတ်(မွန်ပြည်နယ်)၊ ဒုတိယ ရဲအောင်နိုင်(ကယားပြည်နယ်)၊ ပူးတွဲတတိယ ရဲထိုက်(ပဲခူးတိုင်း) နှင့် သီဟနိုင်(ကယားပြည်နယ်) တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဒေါ်ခင်ဆွေမြင့်က အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ပထမ တင်တင်သန်းနှင့် လှလှသန်း(ရန်ကုန်တိုင်း)၊ ဒုတိယ အေးအေးမြင့်နှင့် ဆွေဆွေဟန် [ရှမ်းပြည်နယ် (မြောက်ပိုင်း)]၊ ပူးတွဲတတိယ အေးအေးမြင့်နှင့် မြင့်မြင့်အေး (စစ်ကိုင်းတိုင်း)နှင့် မြင့်မြင့်လှိုင်နှင့် အိအိ(ဧရာဝတီတိုင်း)တို့အား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ကွင်း/ရုံ) ဦးဇော်လင်းက အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ ပထမ လှမျိုးခိုင်နှင့် ကျော်မြင့်ခိုင် (ရန်ကုန်တိုင်း)၊ဒုတိယ နေအောင်ဝင်းနှင့် ဘုန်းဝေစည် (ရန်ကုန်တိုင်း)၊ ပူးတွဲ တတိယ ကြည်မြင့်နှင့် သက်ကိုလတ်(မွန်ပြည်နယ်)နှင့် အောင်သန်း နှင့် ကျော်စွာမြင့် (ဧရာဝတီတိုင်း)တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကဒေါ်စိုးဝတ်ရည်က အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ပထမ နေအောင်ဝင်းနှင့် လှလှဝင်း (ရန်ကုန်တိုင်း)၊ ဒုတိယ ကျော်မြင့်ခိုင်နှင့်တင်တင်သန်း (ရန်ကုန်တိုင်း)၊ ပူးတွဲတတိယ ညီညီစိုးနှင့်မြင့်မြင့်လှိုင် (ရန်ကုန်တိုင်း)နှင့်ဇော်နိုင်ဝင်းနှင့် မြင့်မြင့်ကြည်(ကချင်ပြည်နယ်) တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါ်မူမူဝင်းက အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ပထမ စုစုခင်၊ (ရန်ကုန်တိုင်း)၊ဒုတိယ လှလှဝင်း(ရန်ကုန်တိုင်း)၊ ပူးတွဲတတိယ တင်တင်သန်း(ရန်ကုန်တိုင်း)နှင့်အေးအေးမြင့် [ရှမ်းပြည်နယ်(မြောက်ပိုင်း)] တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

အကောင်းဆုံး

ထို့နောက် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အကောင်းဆုံး အမျိုးသမီး အားကစားသမားဆုရ စုစုခင်(ရန်ကုန်တိုင်း)နှင့် အကောင်းဆုံး အမျိုးသား အားကစားသမားဆုရ နေအောင်ဝင်း(ရန်ကုန်တိုင်း)တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံရယူသည်။

တံခွန်စိုက်ဒိုင်း

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသော ရန်ကုန်တိုင်းအသင်းနှင့်အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသော ရန်ကုန်တိုင်းအသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်း ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၃၀

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် မြို့သစ်(က-ခ)ရပ်ကွက် ဘုရင့်နောင်လမ်းမ ဓမ္မိကာရာမ ပေါက်တောကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲ (၁၅၇)တွင် ကမ္မဋ္ဌာနာစရိယ သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တစန္ဒဝံသ (ဓမ္မာစရိယ)သည် ဩဂုတ် ၇ ရက်မှ ၁၃ရက်အထိ ပဋိစ္စသမုပ္ပါဒ်ခန္ဓာ ဉာဏ်ရောက် သစ္စာတရားများ ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဩဂုတ် ၆ရက် ညနေအရောက်မိမိတို့အသုံးအဆောင်ပစ္စည်းများ ယူဆောင်လာကြရန်နှင့် ဖုန်း-၆၄၁၅၉၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြိတ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၀ရက်က လမ်းမတော်မြို့နယ် လှည်းတန်းလမ်း အမှတ် ၆၈ မြိတ်အသင်းတိုက်၌ ကျင်းပရာ ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသလ္လ (တိုက်အုပ်ဆရာတော်) အောင်မင်္ဂလာပါဠိတက္ကသိုလ် အလုံမြို့နယ်နှင့် ပင့်သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် မြင့်မြတ်စေတနာသက်ကြီးဘိုးဘွားများ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကို ဇူလိုင် ၃၀ ရက်က ရပ်ကွက်ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ရပ်ကွက်အဖွဲ့ဝင်(၁) ဦးမျိုးညွန့်နှင့် ဓမ္မာရုံဥက္ကဋ္ဌ ဦးစိုးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၅)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲ တောင်ငူ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီက တောင်ငူတပ်နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် အရာရှိစစ်သည်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ လူသစ်တန်းအသင်းလိုက်ပြိုင်ပွဲ၊ အကြီးတန်းအသင်းလိုက်ပြိုင်ပွဲနှင့် အမြန်ရွှေ့အသင်းလိုက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသောအသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး စွယ်စုံတံခွန်စိုက်ဒိုင်းဆုရရှိသွားသော မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်က တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန နိုင်ငံတကာအဆင့်မီ Auto CAD, CAM & CNC သင်တန်းများတက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၊ အစိုးရနည်းပညာ ကောလိပ် မန္တလေး၊ မိတ္ထီလာ၊ မုံရွာ၊ ကျောက်ဆည်၊ အေးသာယာနှင့် အစိုးရစက်မှုလက်မှု သိပ္ပံ၊ အင်းစိန်(အောင်ဆန်း) တို့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ **ဖွင့်လှစ်ပို့ချမည့်သင်တန်း**

(Specialized Auto CAD, CAM, & CNC Training Course)

ဤသင်တန်းပြီးဆုံး၍ တတ်ကျွမ်းသူများ ပြည်တွင်း/ပြည်ပမှ ကုမ္ပဏီကြီးများတွင် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

၃။ နိုင်ငံတကာအဆင့်မီ ခေတ်မီစက်သစ်ကြီးများဖြင့် သင်ကြားပို့ချပေးနေပါသည်။

၄။ သင်တန်းကာလ(၃)လဖြစ်ပါသည်။

၅။ (က) အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံများမှ A.G.T.I, Tech (MP, MT, EC, EP, Mechatronics), E.G.T.I(MP,MT,EC,EP), B.E (Mechanical, EC, EP, Areo, Mechatronics, IE), YTU ညနေပိုင်း (Mechanical, EP,EC, IT) အောင်မြင်သူများဖြစ်ရမည်။

(ခ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) အောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။

၆။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၆၄၀၅၈၇၊ ၀၂-၃၆၆၈ နှင့် သက်ဆိုင်ရာကျောင်းများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၇။ လျှောက်လွှာပုံစံများကို အစိုးရနည်းပညာကောလိပ် မန္တလေး၊ မိတ္ထီလာ၊ မုံရွာ၊ ကျောက်ဆည်၊ အေးသာယာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ အင်းစိန် (အောင်ဆန်း)တို့တွင် ၁-၈-၂၀၀၅ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၆-၉-၂၀၀၅ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်သည်။

အမည်ပြောင်း

ဦးတင့်လွင်၏သား မိတ္ထီလာမြို့ အထက(၁) အဋ္ဌမတန်း(I)မှ မောင်နိုင်မာန်တင့်လွင်အား နိုင်နိုင်တင့်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

ဦးရွှေဝင်း၏သား မိတ္ထီလာမြို့ အထက(၁) အဋ္ဌမတန်း(I)မှ မောင်မင်းခန့်သော်အား မင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်နိုင်နိုင်တင့်လွင် မောင်မင်းခန့်။**

သတိပေးတားမြစ်ကြောင်းကြေညာချက်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အမှတ် ၁၁၀နေ ပေါ်ပြူလာပလတ်စတစ်လုပ်ငန်း Popular Plastic Industry ၏ တစ်ဦးတည်းပိုင်ရှင် ဦးကျင်ဦးသည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင် ပိုင်ရှင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်း၍ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ

POPULAR | POPULAR PLASTIC

SOGO | POPULAR

အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများသည် ပလတ်စတစ်ကုန်စည် Plastic Ware အမျိုးမျိုး၊ မီးခလုတ်၊ ပန်ကာ၊ မီးအားမြှင့်စက်၊ မီးပူ၊ မီးချောင်း၊ မီးသီး၊ ရေခဲသေတ္တာ၊ လေအေးစက်၊ ထမင်းပေါင်းအိုး၊ မီးကြိုးအမျိုးမျိုး အစရှိသည့် လျှပ်စစ်ပစ္စည်းများကိုထုတ်လုပ်၍ ဈေးကွက်တွင် တွင်ကျယ်စွာဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အထက်ပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများသည် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ပြုလုပ်ထားပြီး မိမိတစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားခြင်းဖြစ်ပါသည်။ ယခုအခါ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အတုအပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်းတို့ဖြင့် ဈေးကွက်တွင် ဖြန့်ချိရောင်းချ လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေကြောင်း ကြားသိတွေ့ရှိနေရပါသည်။ ဥပဒေနှင့်မညီသော ထိုလုပ်ရပ်များကို ရပ်ဆိုင်းကြရန် သတိပေးတားမြစ်လိုက်သည်။ လိုက်နာခြင်းမရှိက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါသည်။

ဦးကျင်ဦး ၁၂/ဒပန(နိုင်)၀၃၁၉၂၀
တစ်ဦးတည်းပိုင်ရှင်၊ ပေါ်ပြူလာပလတ်စတစ်လုပ်ငန်း၊
အမှတ် ၂၄၁၊ နွယ်နီလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

ဖြူးမြို့နယ်၌ ရောင်ခြည်သစ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးဟောပြော၊ စာအုပ်များလှူဒါန်း

ဖြူး ဇူလိုင် ၁၀

ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရောင်ခြည်သစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ရက်နံနက် ၉နာရီက ပြောင်သေကျေးရွာအုပ်စု စမ်းချောင်းရွာတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးကြည်စိုးနှင့် ပြောင်သေကျေးရွာ ဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ဟောပြော

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကြည်စိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွက်ချက်ကို ရှင်းလင်းပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးခင်မောင်တိုးက စာကြည့်တိုက် ရေရှည်တည်တံ့ရေးတို့ကို ဟောပြောသည်။

တက်ရောက်

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အလှူရှင်များက တက်ရောက်ကြပြီး စာအုပ်များကိုပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝါးခယ်မမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ကမ်းနားလမ်းတစ်လျှောက် ရေမြောင်းများဆယ်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၂၃ ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးမြို့နယ် တက်မကျေးရွာ နယ်လှည့်စာကြည့်တိုက်နှင့် ဓာတ်ပုံပြပွဲကျင်းပ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးရေးဆွေးနွေးဟောပြော

ညောင်ဦး ဇူလိုင် ၂၀

ညောင်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တက်မကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့်၊ တက်မကျေးရွာတွဲဖက်အခြေခံပညာ အထက်တန်းကျောင်းကျောင်းအုပ် ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် တက်မကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေကွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(ယာပုံ)**

ထို့နောက် တက်မကျေးရွာအုပ်စု ဥက္ကဋ္ဌဦးရွှေကွန်းက အမှာစကားပြောကြားပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်မြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အကြီးတန်းစာရေး ဦးနေထွန်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် သိမှတ်ဖွယ်ရာများကို ရှင်းလင်း ဆွေးနွေးသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

လောင်းလုံးမြို့ (ခ)ရပ်ကွက်ရှိ အောင်ချမ်းသာ သစ်သားတံတား ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းကို ဇူလိုင်၁၁ရက်က အမှုဆောင်အရာရှိဦးတင်အုံးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်ထွန်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ် စည်ပင်)

ပျော်ဘွယ်မြို့နယ်၌ အခြေခံမြေတိုင်းသင်တန်းဖွင့်

ပျော်ဘွယ် ဇူလိုင် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲက ကြီးမှူးကျင်းပသော အခြေခံမြေတိုင်းသင်တန်း အမှတ်စဉ်(၁၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်၁၀နာရီက ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာန အခြေခံမြေတိုင်းနှင့် ရေတိုင်းပညာရပ်လေ့ကျင့်ရေးဌာန စူးစမ်းလေ့လာရေးဌာနခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆည်မြောင်း ဦးစီးဌာန မန္တလေးတိုင်း ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းရွှေက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သင်တန်းတွင်တွဲဖက်အသုံးပြုမည့် ပစ္စည်းများကို လေ့လာကြည့်ရှုကြသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူခရိုင်၌ ၇၅နှစ်အထက်စစ်မှုထမ်းဟောင်းများ ထောက်ပံ့ကြေးပေးအပ်၊ အတွေ့အကြုံရှင်းလင်း

ပခုက္ကူ ဇူလိုင် ၂၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း(ဗဟို)ဌာနချုပ်မှ ပခုက္ကူခရိုင်အတွင်းရှိ ၇၅နှစ်နှင့် အထက်(အငြိမ်းစား) စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၉နာရီခွဲက ပခုက္ကူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အတွေ့အကြုံရှင်းလင်း

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦး**(အောက်ပုံ)**က (၂၀၀၅)ခုနှစ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းညီလာခံ အတွေ့အကြုံများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပခုက္ကူခရိုင်အတွင်းမှ အသက် ၇၅နှစ်နှင့် အထက်(အငြိမ်းစား) စစ်မှုထမ်းဟောင်းရှစ်ဦးတို့အား ထောက်ပံ့ကြေးငွေကျပ်တစ်သောင်းစီကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၄၁၃)

မင်းလှမြို့နယ် ရှားတောကျေးရွာအုပ်စု ချောင်းနားကျေး ရွာတွင် စာပေဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဇူလိုင် ၁၅ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီး ဌာနဦးစီးမှူး ဦးဝင်းတင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ရေနုတ်မြောင်းများတူးဖော်ရန် သာပေါင်းမြို့နယ်၌ ကွင်းဆင်းတိုင်းတာ

သာပေါင်း ဇူလိုင် ၂၄

သာပေါင်းမြို့နယ်တွင် မြို့တွင်းလမ်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရန် တိုင်းတာခြင်းလုပ်ငန်းကို ဇူလိုင်၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ကြသည်။

ရေနုတ်မြောင်းများ တူးဖော်ရန် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းက ကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးအောင်သူဝင်းနှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးလှဦးတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

31-7 (15).p65 1 3/24/05, 9:38 PM



တောင်ကြီးမြို့ သိမ်တော်ပရိယတ္တိစာသင်တိုက်၌ ဝါဆိုသင်္ကန်းကပ်လှူ

တောင်ကြီး ဇူလိုင် ၂၇

ရှမ်းပြည်နယ် တောင်ကြီးမြို့ သိမ်တော်ပရိယတ္တိစာသင်တိုက်၌ ဝါဆို၊ ဝါကပ်တော်မူကြသော သက်တော်ရှည် ဆရာတော်ကြီး နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဆန္ဒာဓိကနှင့် သံဃာတော်တို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲ (၀ဲပုံ)နှင့် (၁၃၆၆ခု)စာမေးပွဲတွင် ထူးချွန်စွာဖြေဆိုအောင်မြင်တော်မူခဲ့ကြသည့် သာသနဓဇ ဓမ္မာစရိယဘွဲ့ရ အရှင်ဓမ္မောသနှင့် ပခုက္ကူ သာသနာ့လင်္ကာရသာမဏေကျော် ရှင်ဝိသုတာ လင်္ကာရတို့အား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ရက် ညနေ ၃နာရီက တောင်ကြီးမြို့ သိမ်တော်ပရိယတ္တိ စာသင်တိုက်ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များနှင့် ဒေွ့ပရိသတ်များက မြတ်စွာဘုရားအား ဝါဆိုပန်းများ လှူဒါန်း၍ ဝါဆို၊ ဝါကပ်တော်မူကြပြီး သိမ်တော်ဆရာတော်ကြီးက ရှစ်ပါးသီလနှင့် အနုမောဒနာ ရေစက်ချတရား ချီးမြှင့်တော်မူသည်။

ဝတ္ထုပစ္စည်းဆက်ကပ်

ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ ဒေါ်မြမြလွင်နှင့်အဖွဲ့ဝင်များ၊အလှူရှင်များက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(ပြည်နယ် အမျိုးသမီးရေးရာ)

ဘားအံမြို့နယ် ကျေးရွာချင်းဆက် ချောင်းကူးနော်ရင်မွေးတံတား ပြုပြင်မွမ်းမံရေး အလှူငွေပေးအပ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ဘားအံ ဇူလိုင် ၃၀

ကရင်ပြည်နယ် ဘားအံမြို့နယ် လက္ခဏ–ကော့ကသောင် ကျေးရွာချင်းဆက် ချောင်းကူး နော်ရင်မွေးတံတား ပြန်လည်ပြုပြင်မွမ်းမံရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက်က လက္ခဏကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် စံပြသာသနာပြုကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လနှင့်ပင့်သံဃာတော်များ၊ ဘားအံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် စံပြသာသနာပြု ဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပင့်သံဃာတော် ၂၂ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်ကြသည်။

အလှူငွေပေးအပ်

ထို့နောက် တံတားပြန်လည်ပြုပြင်မွမ်းမံရေးအဖွဲ့ နာယက စံပြသာသနာပြု ဆရာတော်က အဖွင့်ဩဝါဒကထာ မိန့်ကြားတော်မူပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အမှာစကား ပြောကြားကာ အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပသည်။

(အပေါ်ယာပုံ)

ယင်းနောက်ပရိသတ်များက စံပြသာသနာပြုဆရာတော်ထံမှ အနုမောဒနာတရား နာကြားကာ ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်းနိုင်

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ လက္ခဏကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ အသီးသီးမှ အလှူရှင် ၁၀၅ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၃၇၀၂၅၀၀ လှူဒါန်းကြကြောင်းနှင့် တံတားပြုပြင်တည်ဆောက်မှုကို အောက်တိုဘာလတွင် စတင် ဆောင်ရွက်မည် ဖြစ်ရာ မရမ်းကုန်းမြို့နယ် စံပြသာသနာပြုကျောင်းတိုက် ဖုန်း ၀၁–၆၆၃၀၉၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁၈) နေသိဒ္ဓိလမ်း ၂၉ ရပ်ကွက် သုဝဏ္ဏ မြို့နယ်နေ ဒေါ်ခင်မြင့် မိသားစုက (ဦးမြဝင်း) (၄) နှစ်မြောက်အား ရည်စူး၍ အလှူငွေ ကျပ်တစ် သိန်း ကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက်၊ သုဒဿန လမ်း ၁၆/၂ ရပ်ကွက်သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်သီတာရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကတ္တရာလမ်းခင်း

မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် ဆင်ဆလမ်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မှုကို **ဇူလိုင် ၂ ရက်က အမှုဆောင်အရာရှိ ဦးအေးဆွေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒိုက်ဦးမြို့နယ် ဇီဝိတဒါန အခမဲ့ဆေးကုသခန်းသို့ တိုင်းရင်းဆေးပစ္စည်းများ ပေးအပ်လှူဒါန်း

ဒိုက်ဦး ဇူလိုင် ၁၆

ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် တိုင်းရင်းဆေးသမားတော်ကြီးများ ပူးပေါင်းဖွင့်လှစ်သော ဇီဝိတဒါန အခမဲ့ဆေးကုသခန်းသို့ ဆေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၃၀ရက်က အဆိုပါ အသင်းရုံး၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကိုဌေးက ငွေကျပ်လေးသောင်းတန်ဖိုးရှိ တိုင်းရင်းဆေးပစ္စည်းများကို တိုင်းရင်းဆေးသမားတော်ကြီးများအား ပေးအပ်လှူဒါန်းသည်။

ကွင်းဆင်းကုသပေး

ဒိုက်ဦးမြို့ တိုင်းရင်းဆေးသမားတော် ဆရာကြီးများသည် ဆေးဝါးများ ဖော်စပ်ကာ နီးစပ်ရာဒေသအသီးသီးတွင် ပိုမိုကျယ်ပြန့်စွာ ကွင်းဆင်းကုသပေးကြသည်။

သို့ပါ၍ အနယ်နယ်အရပ်ရပ်ရှိ ဝေဒနာရှင်များနှင့် ချို့တဲ့၍ ဆေးဝါးမကုသနိုင်သော ဝေဒနာရှင်များ အနေဖြင့် ဒိုက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှိ ဇီဝိတဒါန တိုင်းရင်းဆေးခန်းတွင် ဆေးဝါးများ အခမဲ့လာရောက် ကုသနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ညောင်လေးပင်မြို့နယ် အာဇာနည်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၇ရက်က ပဲခူး(အရှေ့တိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးရင်းစိန် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ တာဝန်ခံအင် ဂျင် နီ ယာ ဦးမြင့်လှိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကိုတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ညောင်တုန်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များခုတ်ထွင်ရှင်းလင်း၊ ပန်းအလှပင်များ ပြုပြင်

ညောင်တုန်း ဇူလိုင် ၂၇

ညောင်တုန်းမြို့ သန့်ရှင်းသာယာ လှပရေးနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့် အခြားရောဂါများ ကင်းဝေးစေရေးအတွက် ဇူလိုင် ၂၃ ရက်က မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ ဦးစီးအရာရှိဒေါ်ခင်အေးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ယဉ်နှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များသည် အမှိုက်များခုတ်ထွင်ရှင်းလင်းခြင်း၊ ပန်းအလှပင်များပြုပြင်စိုက်ပျိုးခြင်းနှင့် မြေပြင်အလှပြုပြင်ခြင်းများကို ညောင်တုန်းမြို့အဝင် ကြို့ဆိုပါ၏မုခ်ဦးထိပ်တွင် စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။**(အပေါ်ပုံ) (ဝ၉၈)**

မြန်မာတိုင်း(မ)

တယ်လီဖုန်းနံပါတ်များ ပြောင်းလဲခြင်း

၂၃-၇-၂၀၀၅ မှစ၍ မြန်မာတိုင်း(မ) ရုံးခန်း တယ်လီဖုန်းနံပါတ်အချို့ ပြောင်းလဲလိုက်ပါသည်။

ဖုန်း - ၂၄၂၅၆၆ အစား ၃၉၂၈၇၆
၂၅၃၆၄၆ အစား ၂၅၃၈၄၂
၂၄၀၀၂၉ အစား ၃၉၂၉၂၈
ဖက်စ် - ၂၄၂၈၉၉ အစား ၃၉၂၇၁၆။

မြန်မာ့အလင်းသတင်းစာကြော်ငြာဌာန မြို့တွင်း၌ တိုးချဲ့ဖွင့်လှစ်လက်ခံလျက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄၅၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၆၈၄၃တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကြော်ငြာများ လက်ခံပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရန်

အငှားယာဉ် သုံးစီးကို ၁၆-၈-၂၀၀၅ ရက်နေ့ ၁၀း၀၀နာရီအချိန်တွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်၍ တယ်လီဖုန်း အမှတ် (၀၉ ၅၁ ၀၉၇၂၆) သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဌေး ၁၂/ဥကတ(နိုင်)၀၅၂၆၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဌေး၏ဇနီးဖြစ်သူ ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်) ၀၅၂၆၀၀ ကိုင်ဆောင်သူသည် မိသားစု၏ စီးပွားရေး၊ လူမှုရေးများကို တစ်ဦးတည်းသဘောဖြင့် ထိခိုက်နစ်နာအောင် အကြိမ်ကြိမ် ပြုလုပ်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူက အကြိမ်ကြိမ် သတိပေးတားမြစ်သော်လည်း နာယူခြင်းမရှိပဲ ၉-၇-၂၀၀၅ရက်တွင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ဇနီးဖြစ်သူ တစ်ဦးတည်းသဘောဖြင့် ပြုလုပ်ထားသော မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစိုးလွင် (B.A,H.G.P,R.L)
တရားရုံးချုပ်ရှေ့နေ(စဉ်-၃၁၉၂)။
အမှတ်(၂၈၄/၂၈၆) (3-F)
ဒုတိယထပ်၊ရွှေတိဂုံဘုရားလမ်း၊
ဒဂုံမြို့နယ်၊ ဖုန်း-၃၇၃၃၂၅။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး
၂၀၀၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၂၉၂

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း အမှတ်(၁)စက်မှုဝန်ကြီးဌာန အမှတ်(၁၉၂)ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	**နှင့်**	ဒေါ်လွင်မေဦး အလုပ်ရုံခွဲမှူး စက်ဘီးစက်ရုံ(ကျောက်ဆည်) ရုံးချုပ်(ငွေစာရင်း) တွဲဖက်တာဝန် တိုက်-၄၊ (ဒီ-၁)မဟာမြိုင်အိမ်ရာ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိခံဝန်ချုပ်စာချုပ်ဖောက်ဖျက်၍လျော်ကြေးငွေ ၁၀၀၀၀၀၀ိ/ ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၀၅ခုနှစ် ဩဂုတ်လ ၁၀ ရက် (၁၃၆၇ ခု၊ ဝါခေါင်လဆန်း ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေလိုသည့် စာချုပ်စာတမ်း စသည့်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်ကို ချအပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းစန္ဒာဝင်း
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

အမည်ပြောင်း

မင်္ဂလာဒုံ အထက(၄)တက္ကသိုလ်ဝင်တန်း (F)မှ အဖ ဦးစိုးမြင့်၏ သားဖြစ်သူ မောင်ဇင်မင်းထက်အား မောင်မျိုးမင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မျိုးမင်းသန့်။**

ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၀၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာစာမျက်နှာ(၁၈)တွင် ပါရှိသော အများ သိစေရန် (အမှတ်-၂၀၄၊ အောင်ဆန်းလမ်း၊ အလယ်ပိုင်းရပ်ကွက်၊ မြောင်းမြမြို့) ကြော်ငြာတွင် ပါရှိသော ဖခင် ဦးသုန်းနှင့် မိခင်ဒေါ်ရွှေဝမ်တို့၏ သားသမီးရှစ်ဦးအစား ဖခင်ဦးသုန်းနှင့် မိခင် ဒေါ်ရွှေဝမ်တို့မှ သားသမီးရှစ်ဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်း တစ်တွင်းတူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မြေအောက် ရေကြီးကြပ်မှု အရာရှိရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့် ဒေါ်သင်းသင်းကျော်+၃
နေရပ်လိပ်စာ-အမှတ် ၂၁၆ စက်ရုံလမ်း၊ တာမွေမြို့နယ်။
တူးဖော်မည့်နေရာ
မြေကွက်အမှတ် I ၄
မြေတိုင်းရပ်ကွက်အမှတ် ၄ ဂျီ

သန်းသန်းစိုး
မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
(ရုံးချုပ်)။

သင်ကြားမှုအထောက်အကူပစ္စည်းပေးအပ်လှူဒါန်းပွဲ ပဲခူးမြို့ သားဖွားသင်တန်းကျောင်း၌ ကျင်းပ

ပဲခူး ဇူလိုင် ၂၅

ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ပဲခူးမြို့ သားဖွားသင်တန်းကျောင်းသို့ သင်ကြားမှု အထောက်အကူပစ္စည်း ဗွီစီဒီနှင့်ဒီဗွီဒီစက်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက်က အဆိုပါ သင်တန်းကျောင်းတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဌေးအောင်က အဖွင့်အမှာ စကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်းက သားဖွားသင်တန်းကျောင်းသို့ ဗွီစီဒီစက်တစ်လုံးနှင့် သိန်းတစ်ရာ ဆောက်လုပ်ရေးလုပ်ငန်း ကန်ထရိုက်တာ ဦးသိန်းလွန်-ဒေါ်မြတ်မွန် မိသားစုတို့က ဗွီစီဒီစက်တစ်လုံးတို့ကို သားဖွားသင်တန်းကျောင်းသို့ ပေးအပ်လှူဒါန်းကြရာ **(အပေါ်ပုံ)** သင်တန်းကျောင်းတာဝန်ခံဆရာမကြီး ဒေါ်မြမြစန်းက လက်ခံရယူကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

လက်ပံတန်းမြို့နယ်၌ငါးမျိုးပြန့်ပွားစေရေး သဲကောဆည်အတွင်း မျိုး ငါးသိန်း စိုက်ထည့်

လက်ပံတန်း ဇူလိုင် ၂၄

သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် ဒေသတွင်းသယံဇာတများ ဖွံ့ဖြိုးကြွယ်ဝရေးနှင့် ငါးမျိုးပြန့်ပွားစေရေးတို့အတွက် ရည်ရွယ်၍ လက်ပံတန်းမြို့နယ်တွင် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက်က သဲကောဆည်၌ ကျင်းပသည်။

မျိုးစိုက်ထည့်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစိန်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်ခိုင်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ အုတ်ဖို ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိုးသူဇာမောင်၊ မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများ စုပေါင်း၍ ငါးမြစ်ချင်း၊ ငါးခုံးမ၊ တီလားပီယား (ငါးသန်/ငါးမှုန့်) ငါးမျိုးကောင်ရေ ငါးသိန်းကို သဲကောဆည်အတွင်းသို့ တပျော်တပါး မျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၂ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် အမှိုက်သရိုက်နှင့် အညစ်အကြေးများ ရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

သီးနှံတာရှည်ခံသင်တန်း လားရှိုးမြို့တွင် ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ သမဝါယမဦးစီးဌာနနှင့် အိမ်တွင်းစက်မှု/ လက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ဒေသထွက်သီးနှံ တာရှည်ခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက်က သမဝါယမ ငွေစုငွေချေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် သမဝါယမဦးစီးဌာန (ရုံးခွဲ) လက်ထောက် ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုချုပ်လီမိတက်ဥက္ကဋ္ဌ ဦးမောင်လေးတို့က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်း နည်းပြ ဦးစီးအရာရှိ ဒေါ်မြင့်မူက သင်တန်း ဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်း ဟောပြောကြောင်း သိရသည်။

(က-ပ)

အမ်းမြို့နယ် ထွေ/အုပ်ဦးစီးဌာန မြန်မာအမျိုးသမီးများနေ့ကျင်းပ

အမ်း ဇူလိုင် ၁၂

အမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင်၃ ရက်က အပ္ပနဒီအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၇၅ဦး တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဇူလိုင် ၁၅ရက်က တက်သစ်စကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ကြည့်မြင်တိုင်မြို့နယ် သရက်တော(တောင်) နယ်လှည့်စာကြည့်တိုက်တွင်ကျင်းပရာရပ်ကွက်ဥက္ကဋ္ဌ ဦးမြဝင်း၊ ရပ်မိရပ်ဖ ဦးပါနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

✳ ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးကြပါစို့။
✳ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင် ထိန်းသိမ်းကြပါစို့။
✳ ဘယ်သူခြောက်ခြောက် ဒို့မကြောက်ဘဲ နိုင်ငံတော်ကို တည်ဆောက်ကြပါစို့။
✳ အမိပြည်ထောင်စုနဲ့ နိုင်ငံသားတို့ကို မိမိတို့ဘဝလို့ ခံယူကြပါစို့။
✳ ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ထားတဲ့ အမျိုးသားရေးလက္ခဏာများကို ကာကွယ်ထိန်းသိမ်းကြပါစို့။

တစ်ခဲနက် ကြွေးကြော်

ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ပြည်သူတစ်ရပ်လုံး၏လိုလားချက်အမှန်မှာ ခေတ်မီနိုင်ငံတော်တည်ဆောက်ရန်ဖြစ် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေး နိုင်ငံတော်က ပြည်သူတို့၏ဆန္ဒအတိုင်းဖော်ဆောင်နေသည်ကို အများမြင်တွေ့နေကြရပြီ

ဒီမိုကရေစီဖော်ဆောင်ရာ၌ အမှားနှင့်အမှန်၊ အပြုနှင့်အဖျက်ကို ပြည်သူအများစု ဝေဖန်ပိုင်းခြားနိုင်ရန်လို အခြေခံလိုအပ်ချက်များရရှိစေရန် နိုင်ငံတော်က နေ့စဉ်နှင့်အမျှ ပံ့ပိုးဖော်ဆောင်ပေးနေ

ရန်ကုန် ဇူလိုင် ၃၀

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ဇူလိုင် ၂၈ ရက် နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းအားကစားရုံ၌ ကျင်းပသည်။

လူထုအစည်းအဝေးသို့ တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ရီရီအုန်းသန်း၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာဒေါ်စိုးစိုး၊ တိုင်းစစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးသန့်စင်(အငြိမ်းစား)၊ အမျိုးသားညီလာခံကိုယ်စားလှယ် ရပ်မိရပ်ဖ ဦးကြင်သိန်း၊ တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဇေယျ၊ တိုင်းမီးသတ်တပ်ဖွဲ့မှ ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✳

သက်သေထင်ရှား ပြသလျက်ရှိ

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အနေဖြင့်လည်း ကလေးနှင့် အမျိုးသမီးများ၏ဘဝရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်ရေးတို့တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ဤကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေခြင်းသည် ကုလသမဂ္ဂနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ အကူအညီမှလွဲ၍ မည်သည့်နိုင်ငံ၏အကူအညီမှ ရယူခြင်းမရှိဘဲ ကိုယ့်ခွန်ကိုယ့်အားဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့၏ စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်နေမှုကို သက်သေထင်ရှား ပြသလျက်ရှိ။